www.burmeseclassic.com

# ဝိုင်းငှက်ကြီး

## အချစ်ဟာသ
## ဟာသအချစ်များ

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

## စိန်ငှက်ရိုး

# အချစ်ဟာသ
# ဟာသအချစ်များ

မြတ်ပန်းရင့် စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် * ၅၀၀၁၈၇၀၆၀၂

မျက်နှာဖုံးခွင့်ပြုချက်အမှတ် * ၅၀၀၂၉၂၀[illegible]

ပထမအကြိမ် * ၂၀၀၆ – ခုနှစ်၊ မေလ

အုပ်ရေ * ၁၀၀၀

အဖုံးဒီဇိုင်း * ကိုရွှေထူး

ကွန်ပျူတာစာစီ * Wizard

**ထုတ်ဝေသူ**

ဦးခင်မောင်ဦး (မြ – ၀၄၀၇၃)

၄၇၃ (က)၊ နီလာ (၆) လမ်း၊ (ဂ) ရပ်ကွက်၊

မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

**အဖုံးနှင့် အတွင်းစာပုံနှိပ်သူ**

ဦးအောင်မြင့်သိန်း (မြ – ၀၆၃၆၄)

အင်ကြင်းမြိုင် ပုံနှိပ်တိုက်

အမှတ် ၁၄၇၊ ဆိပ်ကမ်းသာလမ်း၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**တန်ဖိုး [illegible]**

## – မာတိကာ –


၁။ ဒီနေ့မိုးမရွာပါ ၉

၂။ မမြင်ချင်လည်းရပါတယ် ၁၁

၃။ ဟုတ်ပါ့ ၁၃

၄။ အရင်ပြေပါ ၁၄

၅။ အချစ်စစ်ဆိုတာ ၁၅

၆။ မစဉ်းစားနဲ့လေ ၁၆

၇။ လိုသေးလို့လား ၁၇

၈။ မေတ္တာပျက် ၁၈

၉။ လက်ထပ်ခွင့်ပေးပါ ၁၉

၁၀။ ဝေးလေကောင်းလေ ၂၀

၁၁။ ကိုယ်ချင်းစာပါတယ် ၂၁

၁၂။ အကြိုက်တစ်မျိုးစီပေါ့ ၂၂

၁၃။ ထူထောင်သူကြီး ဘဲလုပ် ၂၃

၁၄။ အသက်ကြီးမှယူတော့ ၂၅

၁၅။ ခွင့်တောင်းနေရင်တော့ ၂၆

၁၆။ ကျားနဲ့မ ဒဿန ၂၇

၁၇။ ကြောက်လို့ပါ ၂၈

၁၈။ မိန်းမသားဆိုတာ ၂၉

၁၉။ ဒါလေးများ ၃၀

၂၀။ အချစ်စစ်ဆိုတာ ၃၁

၂၁။ အိကြာကွေးလိုမချစ်နဲ့ ၃၂

၂၂။ ကမိုးကြွားရယ် ၃၃

၂၃။ ရှာနေလို့ပါ ၃၄

၂၄။ တန်းတူဆိုတော့ ၃၅

၂၅။ ဒါကြောင့်ပါ [illegible]

၂၆။ ခေတ်သစ်ရိုမီယိုနဲ့ဂျူးလီယက် ၃၇

၂၇။ သူ့အချစ်က ၃၈

၂၈။ ချစ်ပါ့ ၃၉


www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| ၂၉။ | မပေးလည်းနေပါ | ၄၀ |
| ၃၀။ | လက်ထပ်ချိန် | ၄၁ |
| ၃၁။ | ချစ်တတ်ပုံတဲ့ | ၄၂ |
| ၃၂။ | စကားပြောင်းပြောပါလား | ၄၃ |
| ၃၃။ | ကိုယ့်အကြိုက်နဲ့ကိုယ် | ၄၄ |
| ၃၄။ | နိုင်ယာရီထဲမှာ | ၄၅ |
| ၃၅။ | စက်သေနတ်နှင့်မြားနတ်မောင် | ၄၆ |
| ၃၆။ | သူ့အမြင်က | ၄၇ |
| ၃၇။ | ချစ်လွန်းလို့ | ၄၈ |
| ၃၈။ | နီးစပ်လောက်တယ် | ၄၉ |
| ၃၉။ | နေရာမှားသွားပြီ | ၅၀ |
| ၄၀။ | သူ့နောက်ဆုံးနယ်မြေ | ၅၁ |
| ၄၁။ | ကျွန်မတုန်းကလည်း | ၅၂ |
| ၄၂။ | သတိရပုံက | ၅၃ |
| ၄၃။ | မိန်းမဟူဘိ | ၅၅ |
| ၄၄။ | အချိန်တိုမှ | ၅၆ |
| ၄၅။ | မစောင့်ပါနဲ့ | ၅၈ |
| ၄၆။ | ဂုဏ်သရေဆိုတာ | ၆၀ |
| ၄၇။ | ဖေဖေရေ | ၆၂ |
| ၄၈။ | ချစ်မေတ္တာဆိုတာ | ၆၃ |
| ၄၉။ | ဒါကြောင့်ပေါ့ကွ | ၆၆ |
| ၅၀။ | လက်တွေ့ကျကျ | ၆၇ |
| ၅၁။ | အကျင့်ပါနေလို့ | ၆၈ |
| ၅၂။ | ခွင့်ပေးပါလား | ၇၀ |
| ၅၃။ | စဉ်းစားပုံက | ၇၁ |
| ၅၄။ | ဘာရှင့် | ၇၂ |
| ၅၅။ | ဒါကတော့ | ၇၄ |
| ၅၆။ | ခုမှသိလို့ | ၇၅ |
| ၅၇။ | ကိုလူအ | ၇၆ |
| ၅၈။ | နေရာရွှေ့ရအောင် | ၇၇ |
| ၅၉။ | ရက်စက်ပါပေ့ကွယ် | ၇၈ |
| ၆၀။ | မုန်းလို့ | ၇၉ |
| ၆၁။ | ဒါကြောင့်နော် | ၈၀ |
| ၆၂။ | စိတ်ချ… သူငယ်ချင်း | ၈၂ |
| ၆၃။ | တော်ပါပေ့ | ၈၄ |
| ၆၄။ | တော်ပါပြီ | ၈၅ |
| ၆၅။ | အချစ်စစ်စစ် | ၈၆ |
| ၆၆။ | သူ့အတွေး ကိုယ့်အတွေး | ၈၇ |
| ၆၇။ | စိန် သို့မဟုတ် စိမ် | ၈၈ |
| ၆၈။ | ဩော်… ယောကျ်ား… ယောကျ်ား | ၈၉ |
| ၆၉။ | ကျွန့်သေးတယ် | ၉၀ |
| ၇၀။ | အသက်ရှည်ဆေး | ၉၂ |
| ၇၁။ | မိန်းမဟူဘိ | ၉၃ |
| ၇၂။ | အလိုရှိသည် | ၉၄ |
| ၇၃။ | မယူတော့ပါ | ၉၅ |
| ၇၄။ | ယောကျ်ားဆိုတာ | ၉၆ |
| ၇၅။ | စမ်းသပ်၊ လေ့လာ | ၉၈ |
| ၇၆။ | ဒါကြောင့်ကိုး | ၉၉ |
| ၇၇။ | အရပ်သားရဲ့ဒုက္ခ | ၁၀၀ |
| ၇၈။ | ဩော်… ယောကျ်ား | ၁၀၁ |
| ၇၉။ | အလုပ်ပေးပါတဲ့ | ၁၀၂ |
| ၈၀။ | သန့်စွမ်းမှု | ၁၀၃ |
| ၈၁။ | ဟုတ်ပ | ၁၀၄ |
| ၈၂။ | သူ့အချစ်က | ၁၀၅ |
| ၈၃။ | မလုပ်ပါနဲ့ | ၁၀၆ |
| ၈၄။ | ရိုးသားပုံက | ၁၀၇ |
| ၈၅။ | သမီးကိုပဲယူပါရစေ | ၁၀၈ |
| ၈၆။ | ချန့်ပီယံတွေ | ၁၀၉ |
| ၈၇။ | ချစ်ကာရန် | ၁၁၀ |
| ၈၈။ | တစ်ခါတစ်ရံတော့ | ၁၁၁ |


www.burmeseclassic.com

www.burmeseclassic.com


၈၉။ ချစ်အကြံကောင်း ၁၁၂
၉၀။ ကြံဖွံ့လို့ ၁၁၃
၉၁။ စိတ်ညစ်လို့ ၁၁၄
၉၂။ မင်းပဲဖြေလေ ၁၁၅
၉၃။ လွယ်ပါတယ် ၁၁၆
၉၄။ သစ္စာရှင်များ ၁၁၇
၉၅။ ပြန်လာခဲ့တော့မယ် ၁၁၈
၉၆။ အသုံးမပြုတော့ဘူး ၁၂၀
၉၇။ အဖြေက ၁၂၂
၉၈။ အော်ရဲရင်အော်ကြည့် ၁၂၃
၉၉။ ငယ်ဂုဏ်၊ ချောဂုဏ် ၁၂၅
၁၀၀။ သူ့အနမ်းက ၁၂၇
၁၀၁။ စာကြွင်းသတိထား ၁၂၈
၁၀၂။ ကြားမဝင်ပေမယ့် ၁၂၉
၁၀၃။ အဆင်ပြေလွန်းလို့ ၁၃၀
၁၀၄။ သူ့စိတ်ကူးက ၁၃၁
၁၀၅။ ချွေးမကောင်း၏ကောင်းကွက်များ ၁၃၃
၁၀၆။ စိတ်တူကိုယ်တူ ၁၃၄
၁၀၇။ မိန်းမဆိုတာက ၁၃၅
၁၀၈။ ခြားနားချက် ၁၃၆
၁၀၉။ မင်းဆီကတစ်ဆင့် ၁၃၇
၁၁၀။ ဘယ်ဖြစ်မလဲ ၁၃၈
၁၁၁။ တူ့တူလာပြီ ၁၄၀
၁၁၂။ ကိုရွှေလိပ် ၁၄၁
၁၁၃။ ဇကန္တတော့ ၁၄၂
၁၁၄။ ထူးခြားမှုက ၁၄၃


BURMESE CLASSIC .com





## ဒီနေ့ မိုးမရွာပါ

မိန်းမပျိုတစ်ဦးသည် မြို့ထဲသို့ အလည်အပတ်ထွက်ရန် ပြင်ဆင်နေစဉ် မိခင်ဖြစ်သူက…

'သမီးက ဘယ်ကိုသွားမလို့လဲကွယ်၊ ရာသီဥတုတွေက ကြည်ကြည်လင်လင်ရှိတာမှ မဟုတ်ဘဲ'

'ဂျင်မိနဲ့ချိန်းထားလို့ပါ မေမေ၊ သူနဲ့ လျှောက်လည်ကြမလို့ပါ'

'သတိထားနော် သမီး၊ မိုးများရွာမလားမသိဘူး၊ အမေလည်း သမီးအရွယ်တုန်းက သမီးလိုပဲ ချိန်းထားတဲ့ ယောကျ်ားကလေးသူငယ်ချင်းနဲ့ အလည်အပတ်ထွက်လိုက်တာ လမ်းမှာ ရုတ်တရက် မိုးရွာချလိုက်လို့ မိုးအတိုက်စောင့်ရင်း

www.burmeseclassic.com

www.burmeseclassic.com



စောင့်ရင်းနဲ့ မိုးစုန်းစုန်းချုပ်သွားတယ်၊ အိမ်ကိုမပြန်ရဲဘဲ သူ့ခေါ် ရာနောက်ကို အမေ တစ်ခါတည်း လိုက်သွားခဲ့တယ်၊ သမီး လည်း အမေ့လိုအဖြစ်မျိုး ကြုံတတ်တယ်နော်၊ ဒီနေ့ မိုးလေ မကောင်းရှင်းဘူး'

သမီးဖြစ်သူက ဖြည်းလေးစွာ ပြန်လည်ပြောဆိုလိုက်လေသည်။

'စိတ်ချပါ အမေရယ်၊ ဒီနေ့ ရာသီဥတု သာယာမှာပါ မေမေရယ်၊ မိုးမရွာနိုင်ပါဘူး၊ သမီးကိုချိန်းထားတဲ့ယောက်ျား ကလေးက မိုးလေ၀သဌာနကပါ မေမေ' ဟူ၏။

♦ ♦ ♦







## မြင်ချင်လည်း ရပါတယ်

လူပျိုတစ်ဦးသည် မျက်စောင်းထိုးခြံထဲမှ အပျိုတစ်ဦးအား တစ်ဖက်သတ် ချစ်ခင်စုံမက်လျက်ရှိ၏။ အပျိုဖြစ်သူက သိ၏။ သို့သော် အကြောင်းကြောင်းကြောင့် လူပျိုဖြစ်သူ၏ မေတ္တာကို လက်သင့်မခံနိုင်ပေ။

တစ်နေ့ ညနေခင်း မှောင်ရီပျိုးစအချိန်တွင် အပျိုဖြစ်သူ၏ နေအိမ်၌ တစ်ယောက်တည်း ရှိနေသည်ကို လူပျိုဖြစ်သူက ချက်ချင်း သိရှိလိုက်၏။ ထို့ကြောင့် အပျိုဖြစ်သူ၏ အိမ်သို့ အရဲစွန့်၍ သွားလိုက်လေသည်။ အပျိုဖြစ်သူက လူပျိုဖြစ်သူ အိမ် ပေါ်သို့ရောက်ရှိလာသည်နှင့်···

'ဒီမှာ ကျွန်မ ရှင့်မျက်နှာကို မကြည့်ချင်ဘူး၊ ရှင့်မျက်နှာကို မကြည့်ချင်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



အပျိုဖြစ်သူက လူပျိုအား လေသံမာမာဖြင့် ပြောဆိုလိုက်လေသည်။


'ကျွန်မ ရှင့်မျက်နှာကို လုံးဝမကြည့်ချင်ဘူး'

လူပျိုဖြစ်သူက မည်သို့သဘောပေါက်သွားသည်မသိ။ မျက်စိက နံရံပေါ်မှ မီးခလုတ်သို့ ရောက်သွားသည်။

'သြော်... ဒီဟာကြောင့်ကိုး'

ပြောပြောဆိုဆို လူပျိုက မီးခလုတ်ကို ပိတ်လိုက်သည်။ တစ်အိမ်လုံး မှောင်ကျသွားလေသည်။ မျက်နှာကို မမြင်ရတော့ပေ။

◆ ◆ ◆







## ဟုတ်ပဲ့

ပြင်သစ်ရုပ်ရှင်သရုပ်ဆောင်နှစ်ဦး စကားပြောနေသည်ကို ဤသို့ကြားရ၏။

သမက်လောင်း ။ ။ 'ခင်ဗျားသမီးနဲ့ လက်ထပ်ပေးထားဖို့
ကျွန်တော် တောင်းချင်ပါတယ်'

ယောက္ခမလောင်း။ ။ 'ငါ့သမီးတစ်ကိုယ်လုံး မင်းပိုင်ပြီးမှ ငါ့
ဆီမှာတောင်းဖို့ လိုသေးသလား' ဟူ၏။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com





## အရင်ပြေပါ

လူငယ်အမျိုးသား။ ။'ဦးရဲ့သမီးနှင့် ကျွန်တော့်ကို လက်ထပ်ခွင့်ပြုပါ ဦးရယ်'

သမီးဖခင် ။ ။'မင်း အရက်ကလေး ဘာလေး သောက်တတ်သလား'

လူငယ်အမျိုးသား။ ။'အရက်ကို နောက်မှတိုက်ပါ ဦးရယ်၊ ကျွန်တော့်ရဲ့တောင်းဆိုချက်ကို အမိန့်ရှိပါဦး' ဟူ၏။





## အချစ်စစ်ဆိုတာ

'တို့ကို တကယ်ချစ်ရဲ့လား'

'ချစ်တာပေါ့'

'ဒီလိုဆိုရင် တို့အတွက် အသက်အသေခံနိုင်ပါ့မလား'

'တို့အချစ်က မသေတဲ့အချစ်မျိုးပါ'

www.burmeseclassic.com

www.burmeseclassic.com



## မစဉ်းစားနဲ့လေ

တက္ကသိုလ်ကျောင်းသားလေးက သူ့ရည်းစား ကောင်မလေးကို ပြောနေသည်။

'ထမင်းလခ ပေးစားမယ်ဆိုတော့ ကိုက ငွေမှမရောက်သေးတာ'

ကောင်မလေးက ပြန်ပြောသည်။

'အိုကွယ်... ဘာလို့ တစ်ချိန်တည်းမှာ ပြဿနာနှစ်ခုကို စဉ်းစားနေရတာလဲ'ဟူ၏။

♦ ♦ ♦







## လိုသေးလို့လား

"ရှင်ဟာ ကျွန်မတို့ ကလေးတစ်ယောက်ပဲရှိတုန်းက ရှင်နဲ့ကျွန်မ လက်ထပ်တဲ့နေ့ရောက်ရင် ကျွန်မကို အထိမ်းအမှတ် ပစ္စည်းတစ်ခုခု ပေးလေ့ရှိတယ်"

"အခုလည်း ဘာဖြစ်လို့လဲကွာ"

"ဘာဖြစ်ရမှာလဲ၊ အခု ကလေးငါးယောက်ရပြီ၊ ရှင်လည်း ကျွန်မကို အထိမ်းအမှတ်ပစ္စည်း မပေးတော့ဘူး"

"ဟုတ်တယ်၊ ကလေးငါးယောက်ရပြီပဲ၊ အထိမ်းအမှတ်ပစ္စည်း လိုသေးလို့လားကွာ"ဟူ၏။

♦ ♦ ♦

www.burmeseclassic.com

www.burmeseclassic.com



## မေတ္တာပျက်

မိန်းကလေး သူငယ်ချင်းနှစ်ဦး စကားပြောနေကြသည်။

ပပ ။ ။ 'ဟဲ့… မြမြ၊ နင့်ရည်းစားက နင်ချစ်နဲ့ သမျှတွေကို ဘယ်လိုတုံ့ပြန်သလဲဟင်'

မြမြ။ ။ 'တစ်ဝက်တစ်ပျက်ပဲ တုံ့ပြန်ပါတယ်'

ပပ ။ ။ 'သူ့နှင့်ငါ ရည်းစားဘဝမှာတုန်းက ငါပေးခဲ့တဲ့ ချစ်သက်လက်ဆောင်တွေကို ပြန်ပေးခဲ့ပေမယ့် စိန်လက်စွပ်နဲ့ ရွှေဆွဲကြိုးကိုတော့ ပြန်မပေးဘူးလေ'ဟူ၏။

● ● ●



## လက်ထပ်ခွင့်ပေးပါ

မိန်းမပျိုလေးတစ်ဦးကို ယောကျ်ားပျိုလေးတစ်ဦးက…

'မင်းကို ကိုယ် လက်ထပ်ချင်ပါတယ်၊ လက်ထပ်ခွင့်ပေးပါကွယ်'

'ရှင်နဲ့ ကျွန်မတွေ့တာ နှစ်ခါပဲရှိသေးတယ်လေ၊ သိကျွမ်းတာ နှစ်ခါပဲရှိသေးတယ်၊ လက်ထပ်ချင်တယ်ဆိုတော့ မလွန်ဘူးလားရှင်'

'မလွန်ပါဘူးခင်ဗျာ၊ ခင်ဗျားကို ကျွန်တော် သိနေတာကြာပါပြီ'

'ဘယ်လို… ဘယ်လို'

'မင်း ဘဏ်မှာ ငွေတွေအများကြီး ခဏခဏလာအပ်နေကတည်းကပါ၊ ကိုယ်က အဲဒီဘဏ်ရဲ့စာရေးကြီးလေ'ဟူ၏။

● ● ●



www.burmeseclassic.com

www.burmeseclassic.com



## ဝေးလေ ကောင်းလေ

လူငယ်တစ်ယောက်သည် ကားတစ်စီးကိုငှားပြီး ချစ်သူမိန်းကလေးအား နိုးပြေးလေသည်။ လုံခြုံစိတ်ချရသော မြို့တစ်မြို့ရှိ သူငယ်ချင်းအိမ်သို့ ရောက်သောအခါ…

'ကျေးဇူး ပဲ ကားဆရာ၊ ကားခ ဘယ်လောက်ပေးရမလဲ ပြောပါ'

'ပေးဖို့မလိုပါဘူးခင်ဗျာ၊ ကားခကို ခင်ဗျားနိုးလာတဲ့ မိန်းကလေးရဲ့အဖေက အလုံအလောက်ပေးပြီးပါပြီ၊ ပြီးတော့ ခင်ဗျားကိုလည်း စာပေးလိုက်ပါတယ်'ဟု ပြောပြီး ကားဆရာက စာတစ်စောင်ပေး၏။

စာထဲတွင်…

'ပြောမရ ဆိုမရ ဆုံးမ မရလို့ စိတ်ညစ်နေရတဲ့မိဘများရဲ့ဒုက္ခကို ပခုံးပြောင်းလွှဲယူသွားတဲ့ မောင်ရင့်ကို ကျေးဇူးတင်လွန်းလို့ ကားခပေးပြီးပါပြီ၊ ဝေးဝေးကိုသာ နိုးသွားပါကွယ်'ဟူ၏။



## ကိုယ်ချင်းစာပါတယ်

စန္ဒာ ။ ။'ငါ့ဘဝမှာ နောင်တရလို့မဆုံးဖြစ်ရတဲ့နေ့ဟာ ငါ့မိဘတွေ စိတ်တိုင်းကျ ရွေးချယ်ပေးတဲ့ အိမ်ထောင်ဖက်နဲ့ မင်္ဂလာဆောင်ရတဲ့နေ့ပါပဲ'

သန္တာ။ ။'ငါ မင်း နောင်တရတာကို နားလည်ပေးနိုင်ပါတယ်၊ ဘာကြောင့်လဲဆိုတော့ မင်းယောက်ျားရဲ့ ရုပ်နဲ့အသံကို အဲဒီနေ့ကစပြီး မြင်ခဲ့ရတာပဲ'ဟူ၏။



www.burmeseclassic.com

www.burmeseclassic.com





## အကြိုက်တစ်မျိုးစီပေါ့

ပင်မတက္ကသိုလ် စာသင်ဆောင်ရှေ့တွင် ကျောင်းသူနှစ်ယောက် စကားပြောနေကြသည်။

'ငါတော့ ချမ်းသာတဲ့ကောင်လေးတစ်ယောက်နဲ့ ချစ်သူဖြစ်ချင်တယ် ဆရာ'ဟု တစ်ယောက်က ပြောသည်။

ကျန်တစ်ယောက်ကလည်း ပြန်ပြောသည်။

'ဟင့်အင်း... ငါကတော့ သူကိုယ်သူ ချမ်းသာတယ်လို့ထင်နေတဲ့ ကောင်လေးနဲ့ပဲ ဖြစ်ချင်တယ်၊ သူတို့ကမှ တကယ်ရက်ရောတာဟ'ဟူ၏။

♦ ♦ ♦



## ထုထောင်သူကြီး ဘာလုပ်

မိန်းမပျိုတစ်ဦးကို လူပျိုလှည့်နေခဲ့သော လူရွယ်ကို ထိုမိန်းမပျို၏ဖခင်က ထူထဲသော မိသားစုဓာတ်ပုံအယ်လ်ဘမ်တစ်ခု ပြသနေခဲ့သည်။ မိသားစုဝင် အများအပြား၏ ဓာတ်ပုံများကို ဂုဏ်ယူစွာပြသပြီးနောက်တွင် ခန့်ညားထွားကျိုင်းလှသော သူကြီးတစ်ဦး၏ ဓာတ်ပုံကိုပြသ၍ ဝင့်ကြွားစွာဆိုလိုက်သည်။

'သူကတော့ ဒီမိသားစုကြီးကို စတင်ထူထောင်လိုက်တဲ့ ငါတို့ရဲ့ဘိုးအေပေါ့'

'ဟုတ်လား... သူက ဘာလုပ်ခဲ့သလဲ'ဟု လူရွယ်က မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com





'သူ ဒီမိသားစုကြီးကို ထူထောင်ခဲ့တာပေါ့' ဟု အဘိုးကြီးက ထပ်ဖြေလိုက်သည်။

'ကျွန်တော်ဆိုလိုတာက သူ ဂုဏ်ယူလောက်စရာ ဘာတွေလုပ်ခဲ့လဲလို့'

လူရွယ်လေးက ထပ်မေးလိုက်သည်။

'ဟာ… အခုလို ထင်ရှားကျော်ကြား အောင်မြင်နေတဲ့ တို့မိသားစုကြီးကို သူ စကနဦး တည်ထောင်လိုက်တာပေါ့'

အဘိုးကြီးက စိတ်မရှည်စွာ ဖြေလိုက်သည်။

လူရွယ်လေးက သက်ပြင်းချ၍ ပြောလိုက်သည်။

'အဲဒါကို ကျွန်တော် နားလည်ပါတယ် ဦး၊ ကျွန်တော် ဆိုလိုတာက နေ့ခင်းဘက်မှာ သူ ဘာလုပ်ခဲ့လဲလို့' ဟူ၏။

◆ ◆ ◆





## အသက်ကြီးမှယူတော့

တစ်သက်လုံး မိန်းမယူတော့မှာ မဟုတ်တော့ဘူးလို့ သတ်မှတ်ထားသည့် ကျွန်တော့်သူငယ်ချင်း လူပျိုကြီးတစ်ယောက်သည် အသက် ၆၀ ရောက်ကာမှ မိန်းမယူလိုက်သဖြင့် ကျွန်တော်တို့က သူ့ကို ဝိုင်း၍မေးမြန်းကြည့်ကြရာ သူက…

'အေး… ကောင်းပြီ၊ ငါ ရှင်းပြမယ်၊ ငါယူမိတဲ့ မိန်းမဟာ မိန်းမဆိုးဖြစ်နေရင် သိပ်အကြာကြီး ဆက်ပေါင်း မနေရတော့ဘူးပေါ့ကွာ၊ နောက်ပြီး ကြင်နာယုယတဲ့ နားလည်မှုရှိတဲ့မိန်းမ ဖြစ်နေရင်လည်း သူ့ကို ဒီလိုဖြစ်လာအောင် ငါ သည်းခံပြီး စောင့်မနေခဲ့ရတော့ဘူးပေါ့' ဟူ၏။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com





## ခွင့်တောင်းနေရင်တော့

ကျွန်မ ဆယ်ကျော်သက်အရွယ်ရှိစဉ်တုန်းက ကျွန်မ၏ အဒေါ် အပျိုချောကြီးမေရီ၏ အတွေးအခေါ်နှင့် ဆင်ခြင်တုံတရားကို ယုံကြည်အားကိုးသည့်အလျောက် ကျွန်မ၏ လူငယ်ကိစ္စများကို မကြာခဏ မေးမြန်းတိုင်ပင်လေ့ရှိခဲ့ပါသည်။ ကျွန်မချစ်သူ ဟာင်နရီနှင့် ကျွန်မ ချိန်းဆိုတွေ့ဆုံကြပြီး မကြာမီ တစ်နေ့၌လည်း ကျွန်မက…

'အန်တီ… ဟာင်နရီကို ကျွန်မလက်တွေကို ကိုင်နမ်းခွင့် ပေးသင့်ရဲ့လား'

ဟု မေးမြန်းမိရာ အဒေါ်က ခဏမျှစဉ်းစားလိုက်ပြီးနောက် ပြန်ဖြေလိုက်သည်မှာ… ဤ

'သူက အဲဒီလိုလုပ်ဖို့ ခွင့်တောင်းနေရင်တော့ မပြုရဘူး ကလေးရယ်'ဟူ၏။

◆ ◆ ◆



## ကျားနဲ့မ အသိနှ

ယောကျ်ားများ ငြင်းခုံကြသောအချက်မှာ မိန်းမများသည် သိပ်ဝေးလွန်းလျှင် စိတ်မချရဟူသော အချက်ဖြစ်၍ မိန်းမများ ငြင်းခုံနေကြသော အချက်မှာ ယောကျ်ားများသည် နီးလွန်းလျှင် သိပ်စိတ်မချရဟူသော အချက်ပင်ဖြစ်သည်ဟူ၏။

(ဟာင်နရီဘရောင်း)

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



## ကြောက်လို့ပါ

ရှေးက တရုတ်ပြည် ကန်တုန်မြို့အနီး ရွာတစ်ရွာမှ မစ္စလီဆူအမည်ရှိ တရုတ်မတစ်ယောက်သည် ၄ ကြိမ်တိုင်တိုင် လက်ထပ်ပြီးတိုင်း ယောက်ျားများ သေကုန်သဖြင့် ၅ ကြိမ်မြောက် လက်ထပ်မည့်သတို့သားမှာ အင်တင်တင်ဖြစ်နေသဖြင့် မစ္စလီဆူသည် ယတြာချေရန် ဗေဒင်ဆရာဆီ သွားမေးလေ၏။ ဗေဒင်ဆရာက သရက်ပင်နှင့် အရင်လက်ထပ်ပြီးမှ ယောက်ျားယူပါဟု ဟောသဖြင့် မစ္စလီဆူသည် သရက်တစ်ပင်နှင့် လက်ထပ်လိုက်ရာ ရက်အနည်းငယ်အတွင်း ထိုသရက်ပင်ကို မိုးကြိုးပစ်၍ လောင်ကျွမ်းသွားတော့သည်။ နံပါတ် ၅ သတို့သားလည်း တစ်ခါတည်း ရွာမှထွက်ပြေးရာ သူ့တစ်သက် ပြန်ရှာ၍မတွေ့တော့ပေ ဟူ၏။





## မိန်းမသားဆိုတာ

အသက် ၁၀၀ ခန့်ရှိသော ဂျပန်အဘိုးအို ဆူပီမိုးသည် များနာနေသဖြင့် အိပ်ရာထဲလဲနေသည်။ သူ၏အိမ်နီးချင်း မိတ်ဆွေအဘွားကြီးတစ်ဦးမှာ အသက် ၉၀ ခန့်ရှိပြီး ထိုအဘွားကြီးသည် ရက်အတော်ကြာမှ အဘိုးကြီးထံ လူမမာမေး ရောက်သွားခဲ့သည်။

ထိုအခါ အဘိုးကြီးက...

'အင်း... မယ်မင်းကြီးမတို့များ တော်ပါ့ဗျာ၊ ကျုပ်တို့ အိပ်ရာထဲက မထနိုင်တာ တစ်ပတ်တိတိရှိပြီး ခုမှလာမေးဖော်ရတယ်ဆိုတော့ အိမ်နီးချင်းကောင်းပီသပါပေတယ်နော်' ဟု စကားနာထိုးလေသည်။

'မဟုတ်ပါဘူး တော်ရယ်၊ လာမလို့ပါပဲ၊ ဒါပေမဲ့ ရှင့်လို တစ်ကိုယ်ရည်တစ်ကာယသမားဆီကို တစ်ယောက်တည်း ဦးဦးဖျားဖျားလာမေးရင် မိန်းမသားအနေနဲ့ အရပ်ကမေးငေါ့မှာလည်း ကြည့်ရသေးတယ် တော်ရဲ့' ဟူ၏။

www.burmeseclassic.com

www.burmeseclassic.com



## ဒါလေးများ

ကောင်မလေးတစ်ယောက် အဆောင်ဝရံတာမှ အပြင်သို့ လှမ်းကြည့်ပြီး သူ့ပါတနာကို လှမ်းပြောသည်။

'ပပနဲ့ကြိုက်နေတာ အဲဒီကောင်ပေါ့ကွ'

သူငယ်ချင်းဖြစ်သူသည် ခေါင်းဖြီးနေရာမှ ဘီးကိုပစ်ချပြီး အသည်းအသန် ပြေးထွက်လာရာ ခုတင်ခြေရင်းနှင့် ဝင်ဆောင့်၊ ခြင်ထောင်ကြိုးနှင့် ဝင်တိုက်ခဲ့၍ ဝရံတာမှ ပြူးပြဲကြည့်ရင်း...

'ဘယ်မှာလဲ' ဟု မေးလိုက်သည်။

'ဟိုမှာလေ... ဘောင်းဘီရှည်နဲ့၊ မျက်မှန်လေးနဲ့'

'နင် ရူးနေသလား၊ အဲဒါ ပပရည်းစားပဲဟာ'

'အေးလေ... ငါလည်း ဒါပဲပြောတာကို' ဟူ၏။

● ● ●







## အချစ်စစ်ဆိုတာ

'ဘယ်သူနဲ့တွေ့ချင်လို့လဲ ခင်ဗျာ'

'မင်းရဲ့မမနဲ့ပေါ့ ချာတိတ်ရ'

'ဒီလိုဆို နောက်တစ်နာရီလောက်မှ လာပါခင်ဗျာ'

'ဘာဖြစ်လို့လဲကွ'

'မမက မှာထားလို့ပါ၊ သူနဲ့ တွေ့ချင်တဲ့သူ တစ်ဦးဦး ရောက်လာရင် အိမ်ပေါက်ဝကနေ အဲဒီလိုပဲပြောပါလို့ မှာထားလို့ပါ'

'အခု သူက ဘာလုပ်နေလို့လဲ'

'အစ်ကိုကြီးမလာခင် တစ်ဦးကို ကျွန်တော်က တစ်နာရီ လောက်မှလာပါလို့ ပြောလိုက်တဲ့သူက တစ်နာရီပြည့်သွားလို့ အခုလေးပဲ ရောက်လာပြီး မမနဲ့ စကားပြောနေလို့ပါ' ဟူ၏။

● ● ●

www.burmeseclassic.com

www.burmeseclassic.com





## အီကြာကွေးလို မချစ်နဲ့

'အချစ်ရေ ကိုယ်တို့နှစ်ယောက် အီကြာကွေးလိုအချစ်မျိုးနဲ့ မခွဲမခွာနေကြစို့နော်'

'အို… မောင်ရယ်၊ အီကြာကွေးလိုတော့ မချစ်ပါရစေနဲ့လားဟင်'

'ဘာဖြစ်လို့လဲ အချစ်ရယ်'

'အီကြာကွေးဟာ ပူးပူးကပ်ကပ်နေကြရပေမယ့် သူများတွေခွဲတော့ ကွဲသွားကြတယ်မဟုတ်လား' ဟူ၏။

◆ ◆ ◆



## ကဗိုးကြွားရယ်

ယောကျ်ားတစ်ယောက်သည် ကိုယ့်ကိုကိုယ် အမြဲတမ်းအမွှမ်းတင်ပြီး လူတွေကို ကြွားလေ့ရှိ၏။

တစ်နေ့ လူတစ်ယောက်ကိုမှ မကြွားလိုက်ရလျှင် ညတွင် သူ့မိန်းမကို ကြွားလေ့ရှိ၏။ တစ်ညတွင် ဤသို့ကြွား၏။

"ကိုယ် လူပျိုဘဝတုန်းက သိပ်စွံတာ သိလား၊ ရည်းစားတွေဆိုရင် တစ်လှေကြီးပဲ၊ ကိုယ့်ကို စွန့်လွှမ်းလို့ သူငယ်ချင်းတွေကတောင် ဖိုးစွံ ဖိုးစွံနဲ့ခေါ်ကြတာ" စသည်ဖြင့် အမြဲလိုလို ကြွားလေ့ရှိရာ တစ်ညတွင် သူ့မိန်းမက အရေးမလုပ်သလိုနှင့် ပြောလိုက်သောစကားကြောင့် နောက်ထပ် ဘယ်သောအခါမှ ကြွားသံ မကြားရတော့ပေ။

သူ့မိန်းမ ပြောလိုက်သည်မှာ…

"ရှင်စွံခဲ့တာတွေပဲ ပြောပြောနေ၊ ကျွန်မစွံခဲ့တာတွေသာ ပြောပြလိုက်ရရင် ရှင် ကျွန်မကို အခုလို ပေါင်းနိုင်မှာတောင် မဟုတ်ဘူး" ဟူ၏။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



## ရှာနေလို့ပါ

လူငယ်လေးတစ်ဦးက လူပျိုကြီးတစ်ဦးကို…

'အစ်ကိုကြီးက အသက်လည်းကြီးနေပါပြီဗျာ၊ ဘာဖြစ်လို့ မိန်းမ မယူသေးတာလဲ'

'ဒီမှာ ချာတိတ်ရေ… ငါလည်း မင်းလိုလူငယ်အရွယ်တုန်းက ငါယူမယ့်မိန်းမဟာ စံပြမိန်းမတစ်ဦး ဖြစ်ရစေမယ်လို့ ဆုံးဖြတ်ခဲ့တာကွ၊ အဲဒီစံပြမိန်းမကို ရှာဖွေရင်းနဲ့ လူပျိုကြီးဖြစ်လာတာ၊ ဒါပေမဲ့ အခု လူပျိုကြီးဘဝက လွတ်ပါပြီကွာ'

'စံပြမိန်းမ တွေ့ပြီပေါ့'

'တွေ့ပြီကွ၊ တကယ့်ကို စံပြမိန်းမကွ'

'တွေ့ရင်လည်း လက်ထပ်လိုက်ပေါ့ဗျာ'

'လက်ထပ်လို့မဖြစ်သေးဘူးကွ၊ ငါ့ဘက်က သူ့ကို စံပြမိန်းမအဖြစ် သတ်မှတ်ထားတာ၊ သူက စံပြယောကျ်ားကို မတွေ့တွေ့အောင် ရှာနေတယ်တဲ့ကွာ' ဟူ၏။





## တန်းတူဆိုတော့

အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ စားသောက်ဆိုင်တစ်ခုသို့ ဝင်၍စားသောက်ကြပြီးနောက် စကားအပြန်အလှန်ပြောကြ၏။ ယောကျ်ား၊ မိန်းမ တန်းတူအခွင့်အရေးအကြောင်းဖြစ်သည်။

ထို့ကြောင့် စားသောက်ပြီးကြသည်နှင့် အမျိုးသားက…

'ကဲ… အမျိုးသားနဲ့ အမျိုးသမီး တန်းတူအခွင့်အရေးပေးဖို့ တောင်းဆိုနေတဲ့ အမျိုးသမီးလွတ်မြောက်ရေးအဖွဲ့ဝင်ကြီးခင်ဗျား၊ တစ်ယောက်ကို ရှစ်ဒေါ်လာကျပါတယ်' ဟူ၏။

www.burmeseclassic.com

www.burmeseclassic.com



## ဒါကြောင့်ပါ

'ဟောဟို အမျိုးသမီးကြည့်ရတာ အပူမိနေပုံပဲဗျ၊ ဘာဖြစ်လို့ပါလိမ့်'

'ယောကျ်ားအတွက်နေမှာပေါ့ဗျာ'

'အိုဗျာ... သူ့မှာ ယောကျ်ားမှမရှိဘဲ'

'မရှိလို့ပြောတာပေါ့ဗျာ၊ သူ့ခမျာ ဝမ်းနည်းနေရှာတယ်လေ' ဟူ၏။

• • •







## ခေတ်သစ်ရိုမီယိုနဲ့ ဂျူလီယက်

မိန်းကလေး ။ ။ 'အချစ်ရယ်၊ တို့များအဖြစ်က ရိုမီယိုနဲ့ ဂျူလီယက်လိုပါပဲကွယ်'

ယောကျ်ားကလေး။ ။ 'ဘာဖြစ်လို့လဲဟင်'

မိန်းကလေး ။ ။ 'တို့များအဖေကြီးက မောင့်ကို ကြည့်မရဘူးတဲ့၊ သိလား' ဟူ၏။

• • •

www.burmeseclassic.com

www.burmeseclassic.com



## သူ့အချစ်က

'မင်းကိုချစ်ရတာ ကိုယ်ဖြင့် အိပ်လို့တောင်မပျော်ပါဘူးကွာ၊ ဒီတော့ မင်းအနေနဲ့ ကိုယ့်ကို လက်ထပ်ခွင့်လေးပေးပါလားကွယ်'

'အို… ဘာဖြစ်လို့ လက်ထပ်ခွင့်ပေးရမှာလဲ'

'ကိုယ် အိပ်ပျော်အောင်လို့ပါ' ဟူ၏။







## ချစ်ပုံ

လက်ထပ်ပြီးကာစ ဇနီးမယားအသစ်ကလေးမှာ အိမ်ထောင်အထိန်းအသိမ်း ညံ့ဖျင်း၏။ အလုပ်လုပ်ရန်လည်း ပျင်းရိသည်။ တစ်နေ့ ညေ့်ခန်းစားပွဲပေါ်တွင် ဖုန်မှုန့်များတက်နေသည်ကို တွေ့ရသဖြင့် ယောကျ်ားဖြစ်သူက မိန်းမဖြစ်သူကိုလည်း အပြစ်မတင်ရက်၊ ကိုယ်တိုင်လုပ်ရန်လည်း အချိန်မရှိသဖြင့် 'ကိုယ် မင်းကို ချစ်တယ်' ဟူ၍ ဖုန်မှုန့်များပေါ်တွင် လက်ညှိုးဖြင့် စာရေးထားခဲ့လေသည်။

ညနေ အလုပ်မှပြန်လာသောအခါ ယောကျ်ားဖြစ်သူက ညေ့်ခန်းစားပွဲကို လှမ်းကြည့်လိုက်ရာ မိန်းမဖြစ်သူ ရေးထားသော စာတစ်ကြောင်းကို တွေ့လိုက်ရလေသည်။

'ကျွန်မလည်း မောင့်ကိုချစ်ပါတယ်' ဟူ၏။

www.burmeseclassic.com

www.burmeseclassic.com





## မပေးလည်းနေပါ

ကုမ္ပဏီသူဌေးကြီးတစ်ဦးသည် မနက်အစောကြီး အမှတ်မထင် ရုံးခန်းထဲသို့ဝင်လာရာမှ သူ့လက်ထောက်မန်နေဂျာနှင့် အတွင်းရေးမှူးမကလေးတို့ ဖက်နမ်းနေကြသည်ကို တွေ့လိုက်ရသဖြင့်…

'မင်းတို့ကို ဒီလို ကမြင်းဖို့ ငါ လခပေးထားတာ မဟုတ်ဘူးကွ'

မန်နေဂျာမှ…

'မဟုတ်ပါဘူး ဆရာ၊ ဒါပေမဲ့ ခုလိုကိစ္စအတွက် မပေးလည်းရပါတယ်'ဟူ၏။

♠ ♠ ♠





## လက်ထပ်ချိန်

'သမီးမိန်းကလေးရဲ့မင်္ဂလာကိစ္စ စဉ်းစားပေးဖို့ အချိန်တန်ပြီထင်တယ်'ဟု မိန်းမဖြစ်သူက ယောကျ်ားဖြစ်သူကို ပြောပြလိုက်၏။

'အို… နေပါစေကွာ၊ သင့်တော်တဲ့သူ တွေ့လာတဲ့အထိ စောင့်နေပါစေဦး'ဟု ယောကျ်ားဖြစ်သူက အကြံပေးလိုက်လေ၏။

ထိုအခါ မိန်းမဖြစ်သူက…

'ဘာဖြစ်လို့စောင့်နေရမှာလဲ၊ ကျုပ်လည်း စောင့်မနေခဲ့ပါဘူး'ဟူ၏။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com





## ချစ်တတ်ပုံတဲ့

အိမ်ထောင်ကျပြီးသော ကျောင်းသူက စာအိတ်ထဲမှ စာရွက်သေးသေးလေးကိုထုတ်ကာ သူ့သူငယ်ချင်းကို ပြောလိုက်သည်။

'ငါ့အမျိုးသားကစာရေးလိုက်တယ်ဟ၊ သူ နေကောင်းကြောင်း၊ စီးပွားရေးလည်း အဆင်ပြေကြောင်း၊ နောက်ပြီး ငါ့ကိုလည်း သိပ်ချစ်၊ သိပ်မြတ်နိုးတယ်ဆိုတဲ့အကြောင်းတွေလေ'

'ဟင်... ဒီလောက်စာရွက်သေးသေးလေးထဲ ဒါတွေ အကုန်ပါတယ်၊ ဟုတ်လား'

'ဒီမှာလေ... ကြည့်ပါလား၊ ဘဏ်ကနေ ငွေငါးသောင်းလွှဲထားတယ်ဆိုတဲ့ လက်ခံဖြတ်ပိုင်းလေးလေဟာ' ဟူ၏။

● ● ●



## စကားပြောင်းပြောပါလား

ဘောလုံးပွဲဝါသနာပါသော ကောင်လေးက သူ့ရည်းစား ကောင်မလေးအား ညက ကြည့်ခဲ့ရသော ဘောပွဲတစ်ခုအကြောင်း အားပါးတရ ပြောပြနေသည်။ ကောင်မလေးက စိတ်မဝင်စား။

'... မန်ချက်က ထောင့်ကန်ဘောရရောဟေ့ သိလား၊ အဲဒီမှာ...'

ကောင်လေးပြောနေစဉ် ကောင်မလေးက ကောင်လေးပခုံးကိုမှီလိုက်ကာ...

'ဟို... ကိုယ့်စကားကို တခြားဟာ ပြောင်းပြောကြည့်ပါလား၊ ဟိုလေ... ဥပမာပေါ့၊ ကိုယ့်အိမ်ဟာ ဘယ်တော့လောက် ငွေပို့မယ်ဆိုတာမျိုးပေါ့နော်' ဟူ၏။

● ● ●



www.burmeseclassic.com

www.burmeseclassic.com





## ကိုယ့်အကြိုက်နဲ့ကိုယ်

မင်္ဂလာပွဲကျင်းပနေသည့် ဘုရားရှိခိုးကျောင်းတွင်းရှိ ဘယ်ညာထိုင်ခုံတန်းများကို ကြည့်ရသည်မှာ ထူးခြားနေ၏။ အကြောင်းမှာ ညာဘက်ထိုင်ခုံတန်းမှာ သတို့သမီး၏ နောက်တည့်တည့်တွင်ရှိနေပြီး မင်္ဂလာပွဲက ဧည့်ပရိသတ်အပြည့် ထိုင်နေ၏။ သတို့သားရပ်နေသည့် နောက်တည့်တည့်ဆီမှ ထိုင်ခုံတန်းတွင်ကား ဧည့်သည်နှစ်ဦး သုံးဦးသာ ထိုင်နေကြ၏။

အဆိုပါ ထူးခြားချက်ကို ရှင်းပြကြသည်မှာ…

'သတို့သမီးဆန္ဒက မင်္ဂလာပွဲကို လူများများလာစေချင်တယ်လေ၊ သတို့သားအကြိုက်ကတော့ သူ့မင်္ဂလာပွဲကို အကျဉ်းရုံးပြီး လုပ်ချင်တာနဲ့ အဲဒီလိုဖြစ်တာပါ' ဟူ၏။

◆ ◆ ◆



## ဒိုင်ယာရီထဲမှာ

ကာရစ်ဘီယံပင်လယ် ကမ်းရိုးတန်းသွား အပျော်စီး သင်္ဘောပေါ်၌ အီတလီမိန်းကလေးတစ်ဦး၏ ဒိုင်ယာရီထဲ၌ ဤသို့တွေ့ရသည်။

တနင်္လာ ။ ။ သင်္ဘောကပ္ပတိန်၏ စားပွဲတွင် ညစာစား ရန် ဖိတ်ကြားခံရ။

အင်္ဂါ ။ ။ ကပ္ပတိန်က တစ်နေကုန် သင်္ဘောအနှံ့ လိုက်ပြ။

ဗုဒ္ဓဟူး ။ ။ ကပ္ပတိန်က ဖွင့်ဟတင်း ချစ်ခွင့်တွေ တောင်း။

ကြာသပတေး။ ။ သူ့အချစ်ကို လက်မခံလျှင် သင်္ဘောကို နစ်ပစ်မတဲ့။

သောကြာ ။ ။ လူငါးရာရဲ့အသက်တွေကို ကယ်တင်လိုက်ရပြီဟူ၏။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



## စက်သေနတ်နှင့် မြားနတ်မောင်

ဖခင်။ ။'မင်းကို မိန်းမစေ့စပ်ပေးရတာ လေးခါရှိပြီ၊ ဘာဖြစ်လို့ တစ်ဦးတည်းကို အတည်တကျ မယူတာလဲ'

သား။ ။'ဒါကတော့ အဖေရယ်၊ မြားနတ်မောင်က ကျွန်တော့်ကို မြားနဲ့မပစ်ဘဲ စက်သေနတ်နဲ့ ပစ်လို့နေမှာပေါ့' ဟူ၏။

♦ ♦ ♦







## သူ့အမြင်က

ကျွန်မ၏ညီမဖြစ်သူသည် လေသူရဲတစ်ဦးနှင့် လက်ထပ်ရန် စေ့စပ်ထားပါသည်။ ခင်ပွန်းလောင်း လေသူရဲက လေယာဉ်ကို စတန့်ထွင်၍ ကျွမ်းထိုးမှောက်ခုံပျံသန်းပြီး ကြွားပြလိုသဖြင့် ဇနီးလောင်းရှေ့တွင် လေယာဉ်ကို ပျံသန်းပြပါသည်။

နောက်တစ်နေ့တွင် ခင်ပွန်းလောင်းဖြစ်သူက ဇနီးလောင်းထံမှ လေယာဉ် ပျံသန်းမှုအပေါ် ထင်မြင်ချက် သိလို၍ တောင်းခဲ့ပါသည်။ ဇနီးလောင်းထံမှ အဖြေမှာ ဤသို့ဖြစ်သည်။

'မပူပါနဲ့ အချစ်ရယ်၊ တစ်နေ့တော့ လေယာဉ်ပျံကို တည့်တည့် ပျံတတ်လာမှာပါ' ဟူ၏။

♦ ♦ ♦

www.burmeseclassic.com

www.burmeseclassic.com



# ချစ်လွန်းလို့

အချစ်ဆုံး မေဘယ်လ်ရေ…

မင်းရဲ့မျက်လုံးပြာပြာလေးတွေကို တစ်ချက်ကြည့်ခွင့်ရဖို့ လှိုင်းထန်တဲ့သမုဒ္ဒရာကို ငါ ကူးလာခဲ့မယ်။ မင်းရဲ့လက်ကလေးကို တစ်ချက်ကလေးထိဖို့ မီးလျှံတံတိုင်းကြီးကို ငါ ဖြတ်လာခဲ့မယ်။

မင်းရဲ့ချစ်စရာနှုတ်ခမ်းလေးက ချိုမြတဲ့စကားလုံးလေးတစ်လုံးကို ကြားရဖို့ အနက်ဆုံး ချောက်ကမ်းပါးကို ငါ ခုန်လွှားလာခဲ့မယ်။

*မင်းအတွက် အမြဲ*

*အချစ်ရဲ့ဟင်နရီ*

**စာကြွင်း ။ ။ မိုးမရွာရင် တနင်္ဂနွေနေ့လာခဲ့မယ်။**







# နီးစပ်လောက်တယ်

၁၅ နှစ်ရွယ်ရှိ ကျွန်တော့်သားငယ်သည် သူ့မိန်းကလေး သူငယ်ချင်းတစ်ဦးအား လက်သီးဆုပ်ပြပြီး…

'ကဲ… ဒီလက်ထဲမှာ ဘာရှိသလဲ၊ မှန်ရင် ဒီည ရုပ်ရှင်ပြမယ်'

'ဆင်တစ်ကောင်'

'မဟုတ်ဘူး၊ ဒါပေမဲ့ နီးတော့နီးစပ်တယ်၊ ညခုနစ်နာရီခွဲမှာ လာခေါ်မယ်၊ စောင့်နေနော်' ဟူ၏။

www.burmeseclassic.com

www.burmeseclassic.com



## နေရာမှားသွားပြီ

လူနှစ်ယောက်သည် တမလွန်ဘဝတွင် တွေ့ကြသည်။ ပထမလူက-

'ခင်ဗျား ဘာဖြစ်လို့ သေတာလဲ'

ဟု မေး၏။

ဒုတိယလူက...

'အအေးဒဏ်ကို အပြင်းအထန်ခံရလို့'ဟု ပြန်ဖြေသည်။

'ခင်ဗျားရော ဘာဖြစ်လို့သေတာလဲ'ဟု ပြန်မေး၏။

ပထမလူ ။ ။ 'ကျွန်တော် အလုပ်ကအိမ်အပြန်မှာ ကျွန်တော့်မိန်းမနဲ့ လူတစ်ယောက် စကားပြောနေသံကြားတယ်၊ ကျွန်တော်လည်း မနာလိုစိတ်နဲ့ တစ်အိမ်လုံးအနှံ့ လိုက်ရှာတာ၊ အဲဒီလူကို မတွေ့ဘူးဗျ၊ ဒါနဲ့ ကိုယ့်ကိုယ်ကိုအရှက်ရပြီး နှလုံးခုန်ရပ်သွားတာပဲ'

ဒုတိယလူ။ ။ 'အဲဒီတုန်းက ခင်ဗျား ရေခဲသေတ္တာကို ဖွင့်ကြည့်လိုက်ရင် ကျွန်တော်တို့ နှစ်ယောက်စလုံး ဒီကိုရောက်လာမှာ မဟုတ်ဘူး'ဟူ၏။

• • •



## သူ့နောက်ဆုံးနယ်မြေ

မင်္ဂလာဆောင်တော့မည့် ပြင်သစ်လူပျိုကြီး မောရစ်သည် သူ၏ဇနီးလောင်းနှင့် ယောက္ခမလောင်းတို့၏အိမ်သို့ လာရောက်ကာ အမိန့်ပေးသည်။

'မင်္ဂလာထမင်းစားပွဲကို နက်ဖြန်နံနက် ဆယ့်တစ်နာရီအချိန်တိတိမှာ ပြုလုပ်ဖို့စီစဉ်ထားတယ်၊ အဲဒီတော့ ခင်ဗျားတို့က စားစရာ သောက်စရာတွေကို လိုလေသေးမရှိရအောင် စီမံချက်ပြုတ်ထားကြပါ၊ ပြီးတော့ ကျုပ်မိတ်ဆွေတွေလာတဲ့အခါ ဖော်ဖော်ရွေရွေနဲ့ ဟန်ကျပန်ကျ ကြိုဆိုဧည့်ခံစေချင်တယ်'ဟု ပြောဆိုပြီး ထွက်သွားလေ၏။ ယောက္ခမလောင်းအဒေါ်ကြီးက သမီးဘက်သို့လှည့်ကာ...

'ညည်းလူ ပြောပုံဆိုပုံကြည့်ရတာ သိပ်အရှင်သခင်ဆန်တယ်၊ နေရာတကာမှာ သူ ဩဇာပေးချင်တယ်'ဟု မဲ့လိုက်၏။

သမီး။ ။'ကိစ္စမရှိပါဘူး မေမေ၊ ဒါဟာ သူ့ရဲ့အမိန့်ပေးနယ်မြေအဆုံးပါ၊ ထမင်းစားပွဲအပြီး သမီးရဲ့အမိန့်နယ်မြေ စပါတော့မယ်'ဟူ၏။

• • •

www.burmeseclassic.com

www.burmeseclassic.com





## ကျွန်မတုန်းကလည်း

ဖခင် ။ ။ 'သမီးကို အိမ်ထောင်ချမပေးပါနဲ့ဦးကွာ၊ သူ့အတွက် အရည်အချင်းပြည့်တဲ့ ယောကျ်ားတစ်ယောက် ပေါ်ပေါက်လာတဲ့အထိ စောင့်စမ်းပါဦး'

မိခင်။ ။ 'ဒီလောက်အကြာကြီးစောင့်ဖို့ မလိုပါဘူးရှင်၊ ကျွန်မတုန်းကလည်း အရည်အချင်းပြည့်တာတွေ ဘာတွေ စောင့်မှမစောင့်ခဲ့ဘဲ'ဟူ၏။

● ● ●



## သတိရပုံက

လူတစ်ယောက်သည် ညနေနေ့တစ်ညလုံး သောက်စားပျော်ပါးပြီး တနင်္ဂနွေနေ့ နံနက်ပိုင်းတွင် အိမ်သို့ပြန်လာရာ လမ်းကျမှ သူ့ဦးထုပ်ပါမလာကြောင်း သိရသည်။ သူ့ဦးထုပ်အစားပြန်ရဖို့ ဘုရားရှိခိုးကျောင်းသွားပြီး တစ်ယောက်ယောက်၏ ဦးထုပ်တစ်လုံးကို အလစ်သုတ်မည်ဟု ဆုံးဖြတ်လိုက်သည်။

ဘုရားရှိခိုးကျောင်းထဲ ရောက်သည့်အခါ ခရစ်ယာန်ဘုန်းတော်ကြီးက ပညတ်တော်ဆယ်ပါးအကြောင်း ဟောပြောနေသည်ကို တွေ့ရသည်။

ဟောပြောအပြီးတွင် သူသည် ဘုန်းတော်ကြီးရှေ့မှောက် သွားရောက်ကာ မိမိလာစဉ်က ဦးထုပ်တစ်လုံးခိုးရန် ရည်ရွယ်ခဲ့ကြောင်း၊ သို့ရာတွင် ဘုန်းတော်ကြီး၏ တရားကို နာရပြီးနောက် ဦးထုပ်ခိုးမည့် အကြံအစည်ကို စွန့်လွှတ်ခဲ့ပါကြောင်း ပြောကြားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းတော်ကြီးက…

'အေးကွာ… ကောင်းတာပေါ့၊ ဘယ်လိုတရား သဘောပေါက်ပြီး စိတ်ပြောင်းသွားတာလဲ'ဟု မေးသည်။

ဤတွင် ထိုလူက…

'ဘုန်းကြီးက သူများသားမယားကို ပြစ်မှားခြင်း အကြောင်း ဟောလိုက်တာ ကြားလိုက်ရတော့ ကျွန်တော့် ဦးထုပ် ဘယ်မှာကျန်ခဲ့တယ်ဆိုတာ သတိရသွားလို့ပါ'ဟူ၏။

● ● ●







## မိန်းမဟူဘိ

မိန်းမနှစ်ဦး စကားသံကို ဤသို့ စိန်ငှက်ရိုး ကြားလိုက်ရ၏။

'သူငယ်ချင်းရယ်၊ ကိုယ်လေ သူ့ကို လက်ထပ်ခဲ့တာ သူ့ငွေတွေကို လိုချင်လို့မဟုတ်ပါဘူး၊ အခုမှသာ အဲဒီငွေတွေ လိုချင်လို့ ကွာရှင်းလိုက်တာပါ'ဟူ၏။

● ● ●

www.burmeseclassic.com

www.burmeseclassic.com



## အချိန်တိုမှ

သမီး။ ။'မေမေ့ကို သမီး တစ်ခုဖွင့်ပြောပြပါ့မယ်၊ သမီးကို ချစ်ရေးဆိုလာတဲ့ မစ္စတာရှားမားဆိုတဲ့ ပုဂ္ဂိုလ်ရဲ့ အချစ်ကို သမီး ဒီနေ့ပဲ လက်ခံလိုက်ပြီ မေမေ'

မိခင်။ ။'သမီးနဲ့ အဲဒီ မစ္စတာရှားမားဆိုတဲ့သူနဲ့ တွေ့ကြပြီး သမီးကို ချစ်ရေးဆိုတဲ့အထိ ဘယ်လောက်ကြာခဲ့သလဲ သမီး'

သမီး။ ။'သုံးလလောက်ပါပဲ မေမေ'

မိခင်။ ။'ဖြစ်မှဖြစ်ရလေ သမီးရယ်၊ သုံးလလောက်နဲ့ အဲဒီလူရဲ့အချစ်ကို လက်ခံလိုက်တာပဲနော်၊ ဘယ်လောက်များ ကြာသေးလို့လဲကွယ်'







သမီး။ ။'ဒါထက်ပိုပြီးအချိန်ဆွဲထားလို့ မဖြစ်ဘူး မေမေ၊ သမီးရဲ့အစ်မကြီးကို မစ္စတာမာလတ်ဆိုတဲ့လူက ချစ်ရေးဆိုတာ သုံးနှစ်အထိ အချိန်ဆွဲထားလို့ ဟိုက တခြားတစ်ယောက်ကို ယူသွားပြီမဟုတ်လား၊ ပြီးတော့ အစ်မလတ်လည်း အဲဒီလိုပဲ သူ့ကိုချစ်ရေးဆိုတဲ့လူကို နှစ်နှစ်လောက် အချိန်ဆွဲထားလိုက်တာ မစောင့်နိုင်ဘဲ နောက်တစ်ယောက်ကိုယူသွားပြီလေ၊ အဲဒါကြောင့် အစ်မတွေ ကျန်ရစ်ဖြစ်ဖြစ်နေတာကို တွေ့ပြီး မြန်မြန်လက်ခံလိုက်တာပါ မေမေရဲ့'ဟူ၏။

www.burmeseclassic.com

www.burmeseclassic.com





## မစောင့်ပါနဲ့

ပါရီမြို့သား ဂျူးနှစ်ယောက်ဖြစ်တဲ့ ဖရန့်စစ်နဲ့ လူဝီတို့ဟာ မိန်းမတစ်ယောက်ရဲ့အချစ်နဲ့ ပတ်သက်ပြီး အငြင်းအခုံဖြစ်ကြပါတယ်။ တစ်ယောက်ကိုတစ်ယောက် ပြောကြဆိုကြတဲ့စကားတွေကတော့ ထုံးစံအတိုင်း အများကြီးပေါ့ဗျာ။ စကားတစ်ခွန်းကနေပြီး အခွန်းပေါင်းထောင်ချီပြီး ရှိလာကြတာပေါ့။ နောက်ဆုံးမှာ သူတို့ဟာ အဲဒီခေတ်က ထုံးစံအတိုင်း ပန်းခြံထဲသွားပြီး တစ်ယောက်နဲ့တစ်ယောက် သေနတ်ချင်းရင်ဆိုင်ပစ်ဖို့ ဆုံးဖြတ်လိုက်ကြပါတယ်။

ချိန်းဆိုထားတဲ့ရက် မနက် ၇ နာရီတိတိမှာ ဖရန့်စစ်ဟာ သူ့ရဲ့အဖော် ဒုတိယလူနဲ့ သူ့မိသားစုဆရာဝန်ကိုခေါ်ပြီး ချိန်းထားတဲ့နေရာကို ရောက်လာတယ်။



နောက် မိနစ်အနည်းငယ်လောက်ကြာတော့ လူဝီဆီက လွှတ်လိုက်တဲ့ လူတစ်ယောက်နဲ့ စာတိုလေးတစ်စောင် ရောက်လာတယ်။

စာထဲမှာက…

'ချစ်လှစွာသော ဖရန့်စစ်' လို့ အစချီပြီး 'တကယ်လို့ ကျွန်တော် အချိန်နောက်ကျနေရင် ကျွန်တော့်ကို စောင့်မနေပါနဲ့တော့၊ ခင်ဗျားဘာသာခင်ဗျား ဆက်ပြီး ပစ်စရာရှိတာ ပစ်လိုက်ပါ' ဟူ၏။



www.burmeseclassic.com

www.burmeseclassic.com





## ဂုဏ်သရေဆိုတာ

လူငယ်။ ။ 'ဦးမင်းရဲ့သမီးကို ကျွန်တော် လက်ထပ်ပါရစေ ခင်ဗျာ၊ ကျွန်တော်ဟာ ဂုဏ်သရေရှိ မိဘတွေရဲ့ သားပါ'

လူကြီး။ ။ 'မင်းပြောတဲ့ ဂုဏ်သရေတွေက ဘယ်လောက် များသလဲ၊ ဘယ်ဘဏ်မှာ ငွေဘယ်လောက်အပ် ထားသလဲ၊ ကားရှိလား၊ အလုပ်အကိုင်ကဘာလုပ် သလဲ' ဟူ၏။

• • •



## ပေပေရေ

ဖခင်တစ်ဦးသည် အလွန် စိတ်သောကရောက်လျက်ရှိသည်။ အဘယ်ကြောင့်ဆိုသော် အမေဖြစ်သူက ၁၃ နှစ်ရွယ်ရှိ သူတို့၏သမီးငယ်ကို ကျောင်းကပွဲတစ်ခုသို့ ယောကျ်ားလေးအဖော်တစ်ဦးနှင့် ထည့်လိုက်သောကြောင့် ဖြစ်သည်။ ထိုယောကျ်ားကလေးမှာ အရွယ်ရောက် လူလားမြောက်နေပြီဖြစ်သဖြင့် ဖခင်ကြီး၏ စိုးရိမ်စိတ်ကို ပို၍ ပို၍ မီးထိုးပေးသကဲ့သို့ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အမေဖြစ်သူအား ၎င်းကိစ္စကိုပင် တတွတ်တွတ်ဖြင့် ပြောဆိုနေသည်။ သမီးကလေး တစ်စုံတစ်ခုဖြစ်ခဲ့သော် ဟူသည့် စိုးရိမ်သောကနှင့် ဇနီးသည်အား အပြစ်တင်လျက်ရှိသည်။

ထိုည ၉ နာရီခွဲတွင် သမီးငယ်ဆီမှ တယ်လီဖုန်းလာလေ၏။ ဖခင်ကြီးသည် တယ်လီဖုန်းကို အရေးတကြီးကိုင်ရင်း မေးလိုက်သည်။ သမီးငယ်က···

'ဆိုးဆိုးရွားရွားတော့ဖြစ်နေပြီ ဖေဖေရေ'ဟု ပြောလိုက်သဖြင့် ဖခင်ကြီးက စိုးရိမ်စိတ်နှင့် အလောတကြီးပြန်ပြောလိုက်သည်မှာ-

'သမီးကို ဒီကောင်က ဘာလုပ်သလဲ'

'မဟုတ်ဘူး ဖေဖေ၊ ဒီကိုလာပြီး သမီးကို လာခေါ်ပါတော့၊ သူ့အမေက သူ့သားကို ည ၉ နာရီကတည်းက လာခေါ်သွားပြီ ဖေဖေရဲ့'ဟူ၏။



## ချစ်မေတ္တာဆိုတာ

ကျေးလက်ဒေသသို့ ခရီးထွက်လာသော ဂျွန်နှင့် ဒေးဗစ် သူငယ်ချင်းနှစ်ယောက်၏ မော်တော်ကားမှာ တစ်နေရာတွင် စက်ပျက်ပြီး ထိုးရပ်သွားသည်။ အချိန်မှာ ညဦးနက်နေပြီဖြစ်သည်။

သူတို့နှစ်ယောက်သည် မလှမ်းမကမ်းတွင် မြင်တွေ့ရသော အိမ်ကြီးဆီသို့သွား၍ တံခါးခေါက်လိုက်သည်။ တံခါးဖွင့်ပေးသူမှာ ရုပ်ရည်ချောမောလှသော ငယ်ငယ်ရွယ်ရွယ် မုဆိုးမလေးဖြစ်သည်။

အကျိုးအကြောင်းသိရသောအခါ မုဆိုးမကလေးက···

'ရပါတယ်၊ ဒီညတော့ ဒီမှာပဲ စိတ်အေးလက်အေးအိပ်ကြပါ၊ ကျွန်မရဲ့တပည့်တွေကို ရှင်တို့ကား ပြင်ခိုင်းပေးပါမယ်'



www.burmeseclassic.com

www.burmeseclassic.com



လပေါင်းများစွာကြာသောအခါ ဂျွန်ထံသို့ ဥပဒေ အကြောင်းဆိုင်ရာ စာရွက်စာတန်းများ ရောက်ရှိလာသည်။ ဂျွန်သည် စာရွက်စာတန်းများကို လေ့လာသုံးသပ်ကြည့်ပြီး နောက် သူငယ်ချင်းဒေးဗစ်ထံသို့ ချက်ချင်း ဖုန်းဆက်လိုက် သည်။

ဂျွန် ။ ။ 'ဟဲလို… ဒေးဗစ်၊ တို့များ ခရီးသွားတုန်းက ရွာတစ်ရွာအနီးမှာ ကားပျက်နေတုန်း ဝင်တည်း တဲ့အိမ်မှာ ညကျတော့ မင်း မုဆိုးမလေးရဲ့အခန်း ကို ငါမသိအောင်သွားပြီး အတူအိပ်ခဲ့ကြတယ် မဟုတ်လား'

ဒေးဗစ် ။ ။ 'အေးကွာ… မင်းပြောတာ မှန်တယ်'







ဂျွန် ။ ။ 'အဲဒီတုန်းက ကောင်မလေးကို ငါ့နာမည်သုံးခဲ့ တယ်မဟုတ်လား'

ဒေးဗစ် ။ ။ 'အေး… ဟုတ်တယ်၊ ဒီကိစ္စ မင်း ဘယ်လိုလုပ် ပြီးသိသလဲ'

ဂျွန် ။ ။ 'အဲဒီမုဆိုးမလေး သေသွားပြီကွ၊ မသေခင်မှာ သူ့ပစ္စည်းတွေ အိမ်မြေယာတွေကို ငါ့နာမည်နဲ့ တရားဝင်လွှဲပြောင်းသွားလို့ကွ' ဟူ၏။

www.burmeseclassic.com

www.burmeseclassic.com





## ဒါကြောင့်ပေါ့ကွ

ဖခင် ။ ။ 'သမီးနန်စိရဲ့ ရည်းစားက သူများတွေအိပ်ချိန် ရောက်တာတောင် ခုထက်ထိ မပြန်သေးဘူးကွ၊ ငါ အောက်ထပ်ဆင်းပြီး ဒီကောင်လေးကို ပြန်နိုင်းလိုက်ရင် ကောင်းမယ်ထင်တယ်'

မိခင် ။ ။ ''ကောင်းသားပဲရှော့၊ ဒါပေမဲ့ ရှင်နဲ့ကျွန်မလည်း ငယ်ငယ်တုန်းက ဒီလိုနေခဲ့တာကို မမေ့နဲ့နော်''

ဖခင် ။ ။ ''ဒါကြောင့်ပေါ့ကွ၊ ဒီကောင့်ကို အမြန်ပြန်နိုင်းမှ ဖြစ်မှာ''ဟူ၏။

• • •





BURMESE CLASSIC .com

## လက်တွေ့ကျကျ

အမျိုးသမီး ။ ။ ''တို့ကို ချစ်ရဲ့လား''

အမျိုးသား ။ ။ ''ချစ်တာပေါ့''

အမျိုးသမီး ။ ။ ''တို့သေရင် မောင် ငိုမှာလား''

အမျိုးသား ။ ။ ''ငိုမှာပေါ့''

အမျိုးသမီး ။ ။ ''ဘယ်လောက်အထိငိုမှာလဲ၊ ငိုပြစမ်းပါဦး''

အမျိုးသား ။ ။ ''အရင်သေပြလေ''ဟူ၏။

• • •

www.burmeseclassic.com

www.burmeseclassic.com



# အကျင့်ပါနေလို့

သားနားလှပသော မိန်းမပျိုကလေးတစ်ယောက်သည် ရဲစခန်းထဲသို့ ဝုန်းဒိုင်းကြဲခြေဆောင့်ပြီး ဝင်လာ၏။

''ကျွန်မ ပန်းခြံထဲဖြတ်အသွားမှာ လူတစ်ယောက်က ဖက်ပြီးနမ်းလိုက်တယ်ရှင့်''

တာဝန်ကျစာရေးက အရေးတယူဖြင့်...

''ဟင်... ဒီလူ့ရုပ်ကို မှတ်မိလိုက်သလား''

''မမှတ်မိလိုက်ဘူးရှင့်''







''ဟောဗျာ... ဖြစ်ရလေ မိန်းကလေးရယ်၊ နေ့ခင်းကြောင်တောင်ကြီး လူတစ်ယောက်က လက်ဆွဲပြီး ဖက်နမ်းတာကိုမှ ဘယ်သူမှန်း မင်း မသိလိုက်ဘူးဆိုတော့ မင်း လွန်တာပေါ့''

လှပသောမိန်းမပျိုက ဖြေရှင်း၏။

''ဒါကတော့ ကျွန်မက အနမ်းခံရတိုင်း ကျွန်မမျက်စိတွေကို စုံမှိတ်ထားတတ်လို့ပါ''ဟူ၏။

www.burmeseclassic.com

www.burmeseclassic.com



## ခွင့်ပေးပါလား

ဥရောပနှင့် မြောက်အမေရိကသွားသည့် လေယာဉ်ခရီးစဉ်၌ လေယာဉ်ပေါ် ဆေးလိပ်မသောက်ရန် ပိတ်ပင်ထားမြဲဖြစ်ထား၏။

ခရီးသည်တစ်ဦးက စည်းကမ်းမဲ့ ဆေးလိပ်သောက်မည်အပြု လေယာဉ်မယ်ရောက်လာပြီး....

"ဆေးလိပ်သောက်ဖို့ ခွင့်မပြုပါဘူးရှင်"

"ဒါဆို မသောက်တော့ပါဘူး၊ လေယာဉ်ပေါ်မှာ တစ်ယောက်တည်း အကြာကြီးခရီးသွားရတဲ့ ကျွန်တော့်အတွက် အပျင်းပြေ ရည်းစားစကားလေး ပြောခွင့်ပြုစေချင်ပါတယ်" ဟူ၏။

◆ ◆ ◆





## စဉ်းစားပုံက

အာရပ်စော်ဘွားကြီးသည် ကမ္ဘာလှည့်ခရီးသည် တစ်ဦး၏ သမီးကို မြင်မြင်ချင်း ချစ်မိသွားသည်။ ထို့ကြောင့် ထိုအမျိုးသမီး၏ ဖခင်အား...

"ခင်ဗျားသမီးကို ကျွန်တော်နဲ့ ပေးစားရင် သူ့ခန္ဓာကိုယ်အလေးချိန်နဲ့ ညီမျှတဲ့ စိန်တွေပေးမယ်၊ သဘောတူမလား" ဟု ကမ်းလှမ်းလိုက်သည်။

ကမ္ဘာလှည့်ကြီးက...

"ကျွန်တော့်ကို စဉ်းစားဖို့ ရက်အနည်းငယ်လောက် ပေးပါဦး"

စော်ဘွားကြီးက...

"ဘာတွေများ စဉ်းစားဦးမှာလဲ" ဟု မေးလိုက်ရာ ကမ္ဘာလှည့်ကြီးက ဖြေလိုက်သည်မှာ...

"သမီးကို ပိုဝလာအောင်လုပ်ချင်လို့ပါ" ဟူ၏။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

# ဘာရှင့်

ယောကျ်ားတစ်ယောက်နှင့် အလွန်ချောမောလှပသော အမျိုးသမီးတစ်ဦးတို့သည် စားသောက်ဆိုင်တစ်ခုတွင် ညစာအတူစားနေကြသည်။

ထိုအချိန်တွင် အပြင်မှဝင်ရောက်လာသောလူကို မြင်လိုက်ရသဖြင့် မိန်းမပျိုနှင့်အတူထိုင်နေသော ယောကျ်ားသည် ကုလားထိုင်ပေါ်မှ ဖြည်းဖြည်းဆင်းပြီး စားပွဲအောက်သို့ ဝင်သွားလေသည်ကို အနီးကပ် တာဝန်ကျနေသော စားပွဲထိုးက မြင်လိုက်သည်။ ထိုအမျိုးသမီးမှာ ၄င်း၏အဖော် မျက်စိအောက်မှ ပျောက်သွားသည်ကို သတိထားလိုက်ပုံမရဟု ယူဆလိုက်၏။







ထို့နောက် စားပွဲထိုးက အနားကပ်လာပြီး...

"ကျွန်တော့်ကို ဘယ်လိုမှမအောက်မေ့ပါနဲ့၊ ခင်ဗျားရဲ့ယောကျ်ား စားပွဲအောက်မှာ ရောက်နေပါတယ်"

ထိုအခါ အမျိုးသမီးက...

"ရှင် ဘာတွေလာပြောနေတာလဲ၊ ကျွန်မယောကျ်ားက အခုပဲ ဆိုင်ထဲဝင်လာတယ်လေ၊ ဟိုမှာ မမြင်ဘူးလား" ဟု ပြောကာ ဝင်လာသူကို လက်ညှိုးညွှန်ပြလိုက်လေ၏။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com





## ဒါကတော့

"ဂျိုးကို သမီးရဲ့ကြင်ဖော်အဖြစ် ရွေးလိုက်ပြီ မေမေ" ဟု သမီးချောက မိခင်အား အသိပေးလိုက်သည်။

"သူကလေ သိပ်သဘောကောင်းတယ်၊ ချောလည်း ချောတယ်၊ ဖြောင့်လည်းဖြောင့်တယ်၊ အလုပ်လည်း သိပ်လုပ်တာပဲ၊ ပျော်ပျော်ရွှင်ရွှင်လည်းနေတတ်တယ်"

သူ့အမေက ကြားဖြတ်ပြောလိုက်သည်။

"သူ့မှာ အိမ်ထောင်ရှိတာလည်း ထည့်ပြောဦးလေ"

သမီးချောက...

"ဒါကတော့ မေမေရယ်၊ ဘယ်သူမှ ချောက်ပစ်ကင်းသဲလဲစင် မရှိပါဘူး မေမေရဲ့" ဟူ၏။

♠ ♠ ♠





## ခုမှသိလို့

လက်ထပ်ပွဲအပြီးတွင် ငိုနေသော သတို့သမီးအား မိတ်ဆွေဖြစ်သူက မေးလိုက်သည်။

"သူငယ်ချင်းရယ်၊ ဘာဖြစ်လို့ ငိုနေတာလဲကွယ်"

"သူ့မှာ အိမ်ထောင်ရှိတယ်ဆိုတာရယ်၊ ကလေးနှစ်ယောက်ရှိတယ်ဆိုတာရယ် ခု မင်္ဂလာပွဲကျမှ သိရတယ်"

သတို့သမီးက ပြန်ဖြေသည်။

"ဪ... အဲဒါကြောင့် မင်း စိတ်ထိခိုက်နေတာကိုး" ဆိုသဖြင့် သတို့သမီးက ပြန်ပြောလိုက်သည်မှာ...

"ကိုယ်သာ စိတ်ထိခိုက်တာမဟုတ်ဘူး၊ ကိုယ့်ကလေးသုံးယောက်ကလည်း စိတ်မချမ်းမသာ ဖြစ်နေတယ်" ဟူ၏။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com





# ကိုလူအ

သူငယ်ချင်းနှစ်ယောက်ဆုံခဲ့ရာ…

''ဒါနဲ့ မောင်ရင် ညက ဟိုအမျိုးသမီးအိမ် အလည်သွားတယ်ဆို''

''အေးလေ''

''ဒါဖြင့် မောင်ရင် အိမ်ပြန်ရောက်တာ စောလှပါကလား''

''ဩော်… ကိုယ်တို့ ထိုင်စကားပြောကြတယ်လေ၊ ခဏကြာတော့ အမျိုးသမီးကစပြီး မီးခလုတ်ပိတ်လိုက်တယ်၊ ဒီလောက်အရိပ်ပြမှတော့ နားလည်ရမှာပေါ့၊ ကိုယ် ချက်ချင်းပဲ နှုတ်ဆက်ပြီး ပြန်ခဲ့တယ်လေ''ဟူ၏။

♦ ♦ ♦



# နေရာရွှေ့ရအောင်

တစ်ခါက သဘော်ပျက်၍ ညားကာစဇနီးမောင်နှံမှာ ကျွန်းကလေးတစ်ခုပေါ်သို့ ရောက်ရှိသွားကြသည်။ ဇနီးဖြစ်သူက လင်ယောကျ်ားကို အားကိုးတကြီး ကြည့်ရင်း…

'ရှင်နဲ့ကျွန်မ ဒီလိုပဲထိုင်ပြီး အချိန်ဖြုန်းနေလို့မဖြစ်ဘူး၊ ဘယ်လိုလုပ်ကြမလဲ'ဟု မေးလိုက်လေ၏။

ထိုအခါ ယောကျ်ားဖြစ်သူက…

''သိပ်မှန်တာပေါ့၊ ငါ စဉ်းစားပြီးပါပြီ''

ဇနီးဖြစ်သူက ဝမ်းသာသွားပြီး…

''ဆိုစမ်းပါဦး''

''ဒီနေရာက နေပူလာလိမ့်မယ်၊ တို့နှစ်ယောက် ဟိုဘက်နားရွှေ့ထိုင်ကြရင် ကောင်းမလားလို့''ဟူ၏။

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com





## ရက်စက်ပါပေ့ကွယ်

ပြီးပြီးရောလုပ်တတ်သည့် မိန်းကလေးမျိုးမဟုတ်ဆိုသည့်ပုံစံဖြင့် ပါတီပွဲအပြီးတွင် သူမက ယောကျ်ားကလေး မိတ်ဆွေအား အိမ်သို့ခေါ်သွားလေ၏။ အိမ်သို့ရောက်သည့်အခါ...

“ကျွန်မအိမ်မှာ ရှင်က ကျွန်မကို လာတွေ့တယ်လို့ ဘယ်သူ့ကိုမှ မပြောရဘူးနော်”ဟု နှုတ်ပိတ်လိုက်၏။

သည်တော့ ယောကျ်ားကလေးက...

“စိတ်ချစမ်းပါကွာ၊ ကိုယ်ကလည်း မင်းနဲ့တွေ့ခဲ့တယ်လို့ ပြောရမှာကို သိပ်ရှက်ပါတယ်”ဟူ၏။

◆ ◆ ◆



## မုန်းလို့

အိပ်ရာပေါ်တွင် သေလုမြောပါးဖြစ်နေသော လူနာဇနီးသည်က ခင်ပွန်းဖြစ်သူကို လှမ်းခေါ်လိုက်သည်။

“ကျွန်မသေလို့ တစ်လလောက်အကြာမှာ ရှင့်မစ္စဂျုန်းကို လက်ထပ်ယူပါ”

ခင်ပွန်းဖြစ်သူက...

“ဟာ... မစ္စဂျုန်းဟာ မင်းရဲ့ရန်သူမဟုတ်လား”

ဇနီးသည်က...

“ဟုတ်တယ်လေ၊ ရှင်နဲ့ အိမ်ထောင်ကျတဲ့ကာလတွေမှာ ကျွန်မခံစားနေရတဲ့ ဒုက္ခတွေကို အဲဒီကောင်မ ခံစားစေချင်လို့ပါ”ဟူ၏။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



## ဒါကြောင့်နော်

တစ်ခါက ချမ်းသာသော မုဆိုးမတစ်ဦးသည် ဆင်းရဲသားတစ်ဦးနှင့် လက်ထပ်၏။ ပျားရည်ဆမ်းခရီးပြီးဆုံးသည်နှင့် အမျိုးသမီးက သူ့ငွေကြောင့်သာ ကုန်ကျသမျှကို ပေးချေနိုင်သည်ဟု စကားစလာသည်။

အိမ်ထောင်ဦး ဇနီးမောင်နှံ၏အိမ်သို့ မိတ်ဆွေများက ချီးကျူးလေတိုင်း ထိုအမျိုးသမီး၏ လက်သုံးစကားက "အိမ်ကကောင်းတာပေါ့၊ ကျွန်မရဲ့ငွေကြောင့်သာ ဒီလိုအိမ်မျိုးကို ဝယ်နိုင်တာ" ဟူ၏။







တစ်နေ့တွင် ခင်ပွန်းဖြစ်သူက နောက်ဆုံးပေါ် ရုပ်မြင်သံကြားစက်ကို ဝယ်လာသည်။ အမျိုးသမီးက စစ်ဆေးကြည့်ပြီး ပြောပြန်၏။

"မောင်ရေ… မမရဲ့ငွေကြောင့်သာ ဒီအိမ်မှာ ဒီစက်မျိုးရှိတာနော၊ မမေ့နဲ့"

ထိုအခါ ခင်ပွန်းဖြစ်သူက ပြန်ဖြေသည်။

"မမရေ… မမရဲ့ငွေကြောင့်သာ ဒီအိမ်မှာ မောင်ရှိနေတာကိုလည်း မမေ့နဲ့ဦး" ဟူ၏။

www.burmeseclassic.com

www.burmeseclassic.com



## စိတ်ချ . . . သူငယ်ချင်း

ဆာဘွဲ့ရစီးဒရစ်သည် စစ်ထွက်ရန်ပြင်ဆင်၏။ သူ့ရဲတိုက်ကို လိုအပ်သမျှနှင့် ဖြည့်တင်းသည်။ ထို့နောက် သူစစ်ထွက်ခိုက် အလွန်ချောမောလှပသော ဇနီးသည်ကို စိတ်ချစေရန် ရဲတိုက်ထဲ၌ သော့ခတ်ထားခဲ့လေ၏။ ထို့နောက် ကပ်လျက်ရဲတိုက်မှ သူ အယုံကြည်ရဆုံးသူငယ်ချင်း လောရင့်စ်ထံသို့ မြင်းစီး၍သွားသည်။

"လောရင့်စ်ရေ... မင်းဟာ ငါ့ရဲ့ အယုံကြည်ရဆုံး သူငယ်ချင်းပဲ၊ ငါ အဝေးကိုသွားနေတုန်း ဒီသော့ကို သိမ်းထားပေးပါ၊ ဒါမှ ရဲတိုက်ထဲကို ဘယ်သူမှမဝင်နိုင်မှာ"

လောရင့်စ်က ဤသို့ ပြန်ပြောလေ၏။

"စီးဒရစ်ရယ်... မင်း ငါ့ကို ယုံကြည်တဲ့အတွက် ငါ သိပ်ဝမ်းသာတာပဲ၊ မင်းသော့ကို ဘယ်သူ့လက်မှ ရောက်







မသွားစေဖို့ စိတ်ချပေရော့၊ မင်းမိန်းမကိုလည်း စိတ်ချပေတော့"

စီးဒရစ်လည်း မြင်းစီး၍ ထွက်လာခဲ့ပေ၏။ တစ်နာရီမျှကြာသောအခါ နောက်မှ မြင်းကဆုန်ချစီးလာသံကို သူကြားရသည်။ မြင်းပေါ်မှာကား လောရင့်စ် ဖြစ်လေ၏။ ဒုန်းစိုင်းစီးလာရသောကြောင့် လောရင့်စ်မှာ မောနေသည်။

"စီးဒရစ်ရေ... စီးဒရစ်" ဟု သူက အော်ခေါ်သည်။

"မင်းပေးခဲ့တဲ့သော့ မှားနေတယ်ကွ"

ဟူသတည်း။

● ● ●

www.burmeseclassic.com

www.burmeseclassic.com



## တော်ပါဗျ

မိန်းမကျွမ်းကျင်သူတစ်ဦး၏ သင်ခန်းစာဖြစ်သည်။

“မိန်းမအမျိုးအစားခွဲခြားရင် နှစ်မျိုးနှစ်စားရှိတယ်ကွ၊ တစ်မျိုးက သူတို့ယောကျ်ားပြောသမျှ မယုံကြည်ကြတဲ့မိန်းမရယ်၊ နောက်တစ်မျိုးက တခြားယောကျ်ားပြောသမျှစကား မယုံကြည်ကြတဲ့မိန်းမတွေရယ်ပေါ့ကွာ”







## တော်ပါပြီ

“မင်းကို ကလေးဆယ်ယောက်၊ ဒါမှမဟုတ် ဒေါ်လာတစ်သောင်းပေးမယ်ဆိုပါတော့၊ မင်း ဘယ်ဟာကိုရွေးမလဲ”

“ကလေးဆယ်ယောက်ကို ရွေးမှာပေါ့”

“ဘာဖြစ်လို့”

“ဒေါ်လာတစ်သောင်းရရင် နောက်ထပ် ထပ်ပြီးလိုချင်နေဦးမှာမို့ပေါ့ကွ”

www.burmeseclassic.com

www.burmeseclassic.com





## အချစ်စစ်စစ်

လူငယ်။ ။ ''အချစ်ရယ်၊ မင်းကိုတွေ့တဲ့အချိန်ကစပြီး ကိုယ့်မှာ မစားနိုင်၊ မသောက်နိုင်၊ မအိပ်နိုင်...''

မိန်းမပျို။ ။ ''ဘာဖြစ်လို့လဲဟင်''

လူငယ်။ ။ ''ငွေမရှိလို့''

◆ ◆ ◆



## သူ့အတွေး ကိုယ့်အတွေး

ကျွန်တော့်သူငယ်ချင်းတစ်ဦး၏ မင်္ဂလာဆောင်သို့ သွားရောက်ခဲ့၍ အစားအသောက်စားနေစဉ်၌ အလွန်ချွဲမက် စရာကောင်းသော သတို့သမီးအရံ မိန်းမပျိုတစ်ယောက်မှ ကျွန်တော့်ကို စိုက်ကြည့်နေသည်။ သူ့အကြည့်က ကျွန်တော့် ထံမှ မခွာသဖြင့် ကျွန်တော့်ဘဝင်စိတ်က ခေါင်ခိုက်သွား သည်။

သူငယ်ချင်းမင်္ဂလာမောင်နှံကို နှုတ်ခွန်းဆက်ပြီးသည် နှင့် သူကလေးကို အပြုံးချင်းဖလှယ်ရန် အသင့်ပြင်ထား၍ အနားသို့ တိုးသွားမိသည်။ သို့သော် သူက အရင် နှုတ်ခွန်း ဆက်သသည်မှာ ''ဆရာ... ဆရာ့လည်စည်းက ရှန့်ပိန်ခွက် ထဲကျနေတယ်''ဟု ပြောလိုက်သဖြင့် ရှက်လွန်း၍ သူ့အနားမှ အဝေးသို့ ပြေးထွက်ခဲ့ရပါတော့သည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com





## စိန် သို့မဟုတ် စိမ်

ကျွန်တော့်အစ်ကိုနှင့် သူ့ချစ်သူတို့ လက်ထပ်ဖို့အရေးကို တိုင်ပင်ကြသည်။ အစ်ကိုက အကျဉ်းရုံးလက်ထပ်ချင်သည်။ သူ့ချစ်သူက ထုံးစံအတိုင်း လက်ထပ်ပွဲကို အကြီးအကျယ်လုပ်ချင်သည်။ အခြေအတင် အကြိတ်အနယ်ငြင်းခုံကြပြီး နောက်ဆုံးတော့ အစ်ကိုက အလျှော့ပေးလိုက်ရကာ ဤသို့ဆိုလေ၏။

"ဒီပွဲမှာ ကိုယ်က စိမ်ခေါ်မိပြီကိုး၊ ကြိုက်ရာလက်နက်ရွေးဖို့က မင်းရဲ့အခွင့်အရေးပဲလေ"

◆ ◆ ◆



## ယော်... ယောက်ျား... ယောက်ျား

စကော့လူမျိုး ချစ်သူစုံတွဲတစ်တွဲသည် ပန်းခြံခုံတန်းပေါ်တွင်ထိုင်ရင်း အဝေးသို့ငေး၍ အတွေးနယ်ချဲ့နေကြသည်။ အတန်ကြာတွင်မှ မေက မောင့်ဘက်သို့လှည့်၍...

မေ ။ ။ "တွေးခ ပိုက်ဆံတစ်ဒေါ်လာပေးရမယ်နော်၊ ဒါပဲမောင်"

မောင်။ ။ "ကိုယ်တွေးနေတာက မေများ မောင့်ကိုမွေးမွေးပေးရင် ဘယ်လောက်ကောင်းမလဲလို့"

မေသည် ရှက်ရှက်နှင့် မွေးမွေးပေးလိုက်ရသည်။ ထို့နောက် အတန်ကြာသောအခါ မေက မေးပြန်သည်။

မေ ။ ။ "ဒီတစ်ခါတွေးခ နောက်တစ်ဒေါ်လာနော်"

မောင်။ ။ "ဒီတစ်ခါ မောင်တွေးတာက နည်းနည်းအရေးကြီးတယ် မေ"

မေ ။ ။ "ဘာများလဲမောင်ရယ်"

ရှက်သလိုမျက်နှာလေးနှင့်ဆိုသည်။

မောင်။ ။ "မောင့်ကို မေက တစ်ဒေါ်လာပေးချိန်ကျပြီလို့တွေးနေတာပါကွယ်"

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



# ကျန်သေးတယ်

ကျွန်တော်တို့သူငယ်ချင်းနှစ်ဦး မဆုံဖြစ်သည်မှာ ကြာပြီဖြစ်သဖြင့် လက်ဖက်ရည်ဆိုင်ထိုင်ရင်း ဟိုအကြောင်း သည်အကြောင်း ပြောဖြစ်ကြ၏။

ကျွန်တော် ။ ။ ''နေပါဦးကွ၊ မင်းအဘွားကြီး (ယောက္ခမ) ဆုံးသွားတယ်ဆို''

သူငယ်ချင်း ။ ။ ''မင်းကလည်း ခုမှလာပြီး အိပ်မက်မက်နေတယ်၊ ဆုံးတာ တစ်လတောင်ကျော်သွားပြီ''

ကျွန်တော် ။ ။ ''အေးကွာ… မင်းယောက္ခမဆုံးတယ်လို့တော့ ကြားတယ်၊ ဒါပေမဲ့ အလုပ်မအားတာနဲ့ မလာဖြစ်ဘူး၊ ငါမလာဖြစ်တာကို ခွင့်လွှတ်ပါကွာ''







သူငယ်ချင်း ။ ။ ''ကိစ္စမရှိပါဘူးကွာ၊ ပြောနေရမယ့်လူမှ မဟုတ်တာ''

ကျွန်တော် ။ ။ ''ရက်လည်တော့ ဘာကျွေးသလဲကွ''

သူငယ်ချင်း ။ ။ ''မုန့်ဟင်းခါးပဲပေါ့ကွာ''

ကျွန်တော် ။ ။ ''မစားလိုက်ရတာ နှာတယ်ကွာ''

သူငယ်ချင်း၏ ပြန်ပြောစကားကြောင့် ကျွန်တော် ပြုံးစိစိဖြစ်ခဲ့ရ၏။

သူငယ်ချင်းပြောလိုက်သည့်စကားမှာ…

''နောက်တစ်ခါကျမှ အဝစားပေတော့၊ အဘိုးကြီး ကျန်သေးတယ်၊ ခု အိမ်မှာ အဘိုးကြီး နေမကောင်းဖြစ်နေတယ်ကွ''ဟူ၏။

www.burmeseclassic.com

www.burmeseclassic.com





## အသက်ရှည်ဆေး

အသက်ရာကျော်ရှည်သော အဘိုးထံသို့ မေးမြန်းခန်း ဖြစ်လေသည်။

"အဘိုးရယ်... ဒီလောက်အသက်ရှည်ရှည်နေတာ ဘယ်လိုစားသောက်နေထိုင်လို့ပါလဲခင်ဗျား"

"အသက်ရှည်ရှည်နေချင်ရင် မြက်ခင်းစိမ်းစိမ်းရယ်၊ လှလှပပစီးဆင်းတဲ့ ရေတံခွန်ရယ်၊ နောက်ပြီး မိန်းမငယ်ငယ် ချောချောတွေကို များများကြည့်ပေး၊ အဘိုးလည်း အဲဒီလို ကျင့်သုံးလို့ပေါ့ကွ"



## မိန်းမဟူဘိ

စိန်ငှက်ရိုး၏ မိတ်ဆွေတစ်ယောက်က ဤသို့ညည်းညူ၏။

"ကျုပ်မိန်းမကတော့ မပြောပါနဲ့တော့ဗျာ၊ မနက် မိုးလင်းလာရင် ရေနွေးအိုးနဲ့အပြိုင် ဆူနေတော့တာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com





## အလိုရှိသည်

ကိုယ်ရေးကိုယ်တာ ကြော်ငြာ၊ မြေကောင်းမြေသန့်ဇက ၄၀ ပိုင်သော လူပျိုကြီးက ထွန်စက်ပိုင် အမျိုးသမီးတစ်ဦးနှင့် ရင်းနှီးလိုသည်။ လက်ထပ်ရန်အထိ ရည်ရွယ်သည်။ ထွန်စက်၏ဓာတ်ပုံကို ပေးပို့ပါ။

• • •





## မယူတော့ပါ

ကမ္ဘာကျော် "လိုက်ဖ်" မဂ္ဂဇင်းအယ်ဒီတာချုပ်သည် စာဖတ်သူတစ်ဦးထံမှ စာတစ်စောင် လက်ခံရရှိ၏။

'မစ္စတာလုစ်ခင်ဗျား… လူကြီးမင်း၏မဂ္ဂဇင်းမှ လင်မယားကွာရှင်းခြင်းနှင့် ပတ်သက်သည့်ဝတ္ထုကို မဖတ်ရခင်က ကျွန်တော်၏ဇနီးသည်သည် အိမ်မှဆင်းသွားမည် တကဲကဲလုပ်နေခဲ့ပါသည်။ ယခု ကျွန်တော်နှင့် မပြတ်စဲတော့ဘဲ အတူဆက်နေမည်ဟု ပြောလာပါသည်။ ကျေးဇူးပြု၍ မဂ္ဂဇင်းလစဉ်ယူသည့်စာရင်းမှ ကျွန်တော့်နာမည်ကို ပယ်ဖျက်ပေးပါခင်ဗျား'

• • •

www.burmeseclassic.com

www.burmeseclassic.com



# ယောက်ျားဆိုတာ

ကျွန်တော်တို့မြို့ကလေးတွင် အသက် ၈၀ ကျော်ရှိပြီဖြစ်သော ဘိုးဘိုးလူပျိုကြီးတစ်ယောက်ရှိသည်။ သူက ကလေးများကို ချစ်တတ်သည်။ ဘိုးဘိုးလူပျိုကြီးသည် ခြေခင်းလက်ခင်း သာယာသောနေ့များတွင် အိမ်အပြင်ထွက်၍ သူ့လှုပ်ကုလားထိုင်ပေါ်ထိုင်ရင်း သူ့အနားတွင် ဝိုင်းအုံနေသော ကလေးများအတွက် သစ်သားရုပ်ကလေးများ ထွင်းထုပေးတတ်သည်။

ကျွန်တော်က ဘိုးဘိုးလူပျိုကြီး ဘာလို့ မိန်းမ မရတာလဲဟု တွေးနေတတ်သူ ဖြစ်သည်။ တစ်နေ့ ထိုအကြောင်း ဘိုးဘိုးလူပျိုကြီးကို မေးကြည့်လေသည်။







ထိုအခါ ဘိုးဘိုးလူပျိုကြီးက...

"ပြောပြရတာပေါ့ဗျာ၊ ကျုပ်က သစ်တောထဲ မြင်းစီးပြီး ကြာပွတ်လုပ်ဖို့ သစ်ကိုင်းလိုက်ရှာတဲ့လူလိုပဲဗျ၊ တောလမ်းတစ်လျှောက် ကြာပွတ်လုပ်ဖို့ အနေတော် သစ်ကိုင်းတစ်ကိုင်း တွေ့လည်း ရှေ့လျှောက်၊ ဒီထက်ကောင်းတဲ့သစ်ကိုင်းတွေဦး မှာပါလေနဲ့ သွားရင်းသွားရင်း တစ်တောလုံးသာ နှံ့သွားတယ် သစ်ကိုင်းမရလိုက်တဲ့ မြင်းစီးသမားလိုပါပဲဗျာ" ဟူ၏။

www.burmeseclassic.com

www.burmeseclassic.com





## စမ်းသပ်၊ လေ့လာ

ဂျိုးနှင့် ဒေစီတို့ လက်ထပ်ရန် ပြင်ဆင်နေသည့် အချိန်တွင် ဒေစီသည် စည်းစနစ်ကျသော အိမ်ထောင်ရှင်မတစ်ဦး ဖြစ်နိုင် မဖြစ်နိုင်ကို စမ်းသပ်လေ့လာလို၍…

ဂျိုး ။ ။ "ဒေစီရေ… မင်းနဲ့ကိုယ် လက်ထပ်ပြီးရင် ကိုတို့ သုံးစွဲမယ့် အိုးခွက်ပန်းကန်တွေဟာ သန့်ရှင်းစင်ကြယ်အောင်ဆေးနိုင်ပါ့မလား"

ဒေစီ ။ ။ "ဆေးနိုင်တာပေါ့ရှင်၊ ဪ… ဒါပေမဲ့ ဂျိုးကကော ကိုယ်ဆေးကြောသန့်စင်ပေးတဲ့ ပန်းကန်အိုးခွက်တွေကို ခြောက်သွေ့အောင် စနစ်တကျသုတ်နိုင်ပါ့မလား"

မှတ်ချက်။ ။ သူတို့နှစ်ဦး လက်မထပ်ဖြစ်ကြတော့ပါ။

♠ ♠ ♠



## ဒါကြောင့်ကိုး

ကျွန်တော့်သားသည် စနေနေ့တစ်ညနေ အိမ်တွင် ပါတီပွဲတစ်ပွဲကျင်းပ၏။ ကျွန်တော်သည် ဆယ်ကျော်သက်ရွယ်များ၏ အစုအဝေးကို မနှစ်သက်ခဲ့သော်လည်း ထိုညနေမှု ယင်းကလေးများနှင့်ပတ်သက်၍ အံ့သြစရာကောင်းလောက်အောင် စိတ်ကြည်နူးနေမိလေသည်။ ပါတီပွဲလာသူ ကလေးများက ကျွန်တော့်အား နုပျိုလန်းဆန်းကြောင်း (ကျွန်တော့်အသက် ၃၅ နှစ်ရှိပါပြီ) အေးဆေးတည်ငြိမ်မှုရှိကြောင်း ချီးမွမ်းပြောဆိုကြသည်။ ပါတီပွဲပြီးသွားသောအခါ ကျွန်တော်က သားဖြစ်သူအား မင်းသူငယ်ချင်းများ ပြောတတ် ဆိုတတ်ကြောင်းနှင့် ကြည်နူးရကြောင်းပြောပြရာ သားကပြုံးပြီး "ဖေဖေကော အသက် ပြန်ငယ်မသွားဘူးလား"ဟု မေးသည်။ ကျွန်တော်က "အေး… ဟုတ်တယ်"ဟု ဖြေလိုက်ရာ သားဖြစ်သူက ထပ်ဆင့်ပြောလိုက်သည်မှာ…

"ဝမ်းသာပါတယ် ဖေဖေ၊ ဒါနဲ့ စကားမစပ် သားက ဖေဖေ့အသက် ငါးဆယ့်လေးနှစ်ရှိပြီလို့ သူတို့ကို ပြောထားဘယ်"ဟူ၏။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com





## အရပ်သားရဲ့ဒုက္ခ

အရပ်သား ။ ။ ''ဟိုတန်းလျားအစွန်ခန်းက သူ့ယောက်ျား ကို အမြဲတမ်း ဆဲဆိုနေတဲ့ အမျိုးသမီးကို ဆုံးမပေးစေချင်ပါတယ်''

ရပ်ကွက်လူကြီး။ ။''အဲဒီအမျိုးသမီးက ဘယ်သူလဲဗျ''

အရပ်သား ။ ။ ''ကျွန်တော့်မိန်းမပါခင်ဗျာ''ဟူ၏။

♦ ♦ ♦



## ဩော်... ယောကျ်ား... ယောကျ်ား

လင်ဖြစ်သူသည် အိမ်ပြန်အရောက်တွင် အိမ်တံခါး သော့ခတ်ထားသည်ကို တွေ့ရ၍ သူ၏မိန်းမပြန်အလာကို လှေကားထစ်တွင် ထိုင်စောင့်နေခဲ့လေသည်။ အချိန်အတော် ကြာသည့်တိုင် သူ၏မိန်းမက မပေါ်လာချေ။ ထိုအဖြစ်အပျက်ကို မြင်မိသော အိမ်နီးချင်းအမျိုးသမီးကြီးတစ်ဦးက ၎င်းတို့မိသားစု နှင့်အတူ ညစာ လာရောက် စားသောက်ရင်း စောင့်ဆိုင်းရန် ဖိတ်ခေါ်လိုက်လေသည်။ ထိုသူက ထိုအမျိုးသမီး၏ ဖိတ်ကြား ချက်ကို ယဉ်ကျေးသိမ်မွေ့စွာဖြင့် ငြင်းပယ်ပြီးနောက် ငြင်းပယ် ခြင်းအကြောင်းရင်းကို အောက်ပါအတိုင်း ရှင်းပြလိုက်လေ သည်။

''ကျုပ် နေသာထိုင်သာရှိပြီး ဗိုက်လည်းပြည့်သွားရင် ကျုပ် စိတ်ပြေသွားလိမ့်မယ်၊ ကျုပ်မိန်းမရောက်လာတဲ့အချိန် မှာ ကောင်းကောင်းကြီး ဒေါသထွက်နေချင်တယ်''ဟူ၏။

♦ ♦ ♦

www.burmeseclassic.com

www.burmeseclassic.com





## အလုပ်ပေးပါတဲ့

သတင်းစာတစ်စောင်တွင် အလုပ်လက်မဲ့ လူတစ်ဦးက အောက်ပါကြော်ငြာကို ထည့်လိုက်သည်။

အမျိုးသမီးများခင်ဗျား ...

ခင်ဗျားတို့လင်ယောကျ်ားတွေ မလုပ်နိုင်တဲ့အလုပ်ကို ကျွန်တော် နည်းနည်းတော့ လုပ်နိုင်ပါတယ်။

ပုံ - သစ္စာရှိသော ဂျွန်

ဟူ၏။

◆ ◆ ◆



## သန့်စွမ်းမှု

"ငါ့ယယ်တုန်းက အင်မတန်ကျန်းမာသန့်စွမ်းခဲ့တာပေါ့ကွ" ဟု အသက်ရှစ်ဆယ်ကျော် လူကြီးတစ်ယောက်က ပြော၏။

"အဘိုးပြောတာတော့ ဟုတ်ပါပြီ၊ ကျွန်တော့်ကို ဘယ်လို သက်သေ ပြနိုင်မလဲခင်ဗျာ"

"ဟိုမှာမြင်ရတဲ့ ကျောက်တုံးကြီးကို ကြည့်စမ်းပါ၊ ငါ ငယ်ငယ်ကတည်းက မ,ပြီးရွှေ့ဖို့ ကြိုးစားတာ အခုထိ မရွှေ့သေးဘူး" ဟူ၏။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



## ဟုတ်ပါ့

ဟိုးယခင်တုန်းက အမျိုးသမီးတစ်ယောက်သည် စစ်တပ်ကြီးတစ်ခုအတွင်း၌ ယောကျ်ားစစ်သားယောင်ဆောင်ကာ ရောနှောနေထိုင်လျက်ရှိခဲ့ဖူးသည်။

ထိုသတင်းသည် တပ်တွင်း၌ တီးတိုး တီးတိုးနှင့် ပျံ့နှံ့လျက်ရှိသည်။ ရဲဘော်များ အငြင်းအခုန်များလျက်ရှိကြသည်။

“တပ်ထဲမှာ အမျိုးသမီးတစ်ယောက် ရဲဘော်ယောင်ဆောင်နေတယ်ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူးကွာ၊ အထက်အရာရှိတွေ သိမှာပေါ့”

“ဘယ်အရာရှိမှမသိဘူး ဆရာ၊ သိပ်အံ့သြစရာကောင်းတာပဲ”

“တော်စမ်းပါကွာ၊ မင်းဟာ ယုတ္တိမရှိပါဘူး၊ ဘယ်ကမသိဘဲနေမလဲ၊ ရဲဘော်တစ်ယောက်ယောက်က ဖွင့်ပြောရင်ကောကွာ”

“အေးလေ... ဘယ်ရဲဘော်ကမှ ဖွင့်မပြောဘဲ ငြိမ်ငြိမ်တိတ်တိတ်လေးနေကြတော့ ဘယ်သူမှမသိဘူးပေါ့ကွ၊ မင်းပဲ ကိုယ်ချင်းစာကြည့်လေ” ဟူ၏။

• • •





## သူ့အချစ်က

ဇနီး ။ ။ “ရှင်ဟာ တစ်နေ့တစ်နေ့ ရှင့်ပန်းချီကားတွေထဲမှာပဲ စိတ်ကို နှစ်မြုပ်နေတာပဲရှင်၊ ကျွန်မကို အရင်လို ချစ်ကောချစ်သေးရဲ့လား”

ယောကျ်ား ။ ။ “ချစ်ပါတယ်ကွာ၊ မနေ့ကတောင် ပန်းချီကားတစ်ကားရေးရင်းနဲ့ မင်းမျက်နှာကို မြင်ယောင်လိုက်သေးတယ်”

ဇနီး ။ ။ (ဝမ်းသာအားရဖြင့်) “ဟင်... ဟုတ်လား၊ အဲဒီပန်းချီကားက ကျွန်မရဲ့ပုံတူလားဟင်”

ယောကျ်ား ။ ။ “မဟုတ်ပါဘူးကွယ်၊ စဉ့်အိုးကြီးတွေရဲ့ပုံပါ” ဟူ၏။

• • •

www.burmeseclassic.com

www.burmeseclassic.com



## မလုပ်ပါနဲ့

ယောက်ျားပျိုတစ်ဦးက လက်ထပ်ရန် အချိန်ဆွဲ ဆိုင်းငံ့လျက်ရှိသော ချစ်သူမိန်းမပျိုကို…

"ဒီမှာခင်… ကိုယ် ပြတ်ပြတ်သားသားပဲ ပြောလိုက်တော့မယ်"

"ဘာများလဲမောင်"

"ခင်က ကိုယ့်ကို အခု လက်မထပ်ရင် ခင်ရဲ့ရှေ့မှာ ကိုယ် သတ်သေလိုက်မယ်"

"အို… ဒီလိုတော့ မလုပ်လိုက်ပါနဲ့"

"ကိုယ့်ကို လက်ထပ်တော့မယ်ပေါ့၊ ဟုတ်လား"

"အို… မဟုတ်ပါဘူး၊ မောင်လည်း သိရက်သားနဲ့၊ ခင့်ရှေ့မှာသတ်သေရင် ခင်က မျက်မြင်သက်သေဖြစ်နေမှာပေါ့" ဟူ၏။

• • •







## ရိုးသားပုံက

သင်္ဘောသားတစ်ယောက်သည် မယုံသင်္ကာဖြစ်နေသော သူ့ချစ်သူ မိန်းကလေးကို နားလည်သဘောပေါက်စေရန် ကြိုးစားရှင်းပြနေသည်။

"ကိုယ်က ရိုးသားပါတယ် အချစ်ရယ်၊ ဆိပ်ကမ်းတိုင်းမှာ ကိုယ့်အဖို့ ဇနီးတစ်ယောက်စီ မရှိပါဘူးကွယ်"

"ကျွန်မအနေနဲ့ ရှင့်ကို ဘယ်လိုလုပ်ပြီး ယုံနိုင်ပါ့မလဲရှင်"

"ဆိပ်ကမ်းတိုင်းမှာ ဇနီးမရှိဘူးဆိုတာက ကိုယ့်အနေနဲ့ ဘယ်ဆိပ်ကမ်းတိုင်းကိုမှ မရောက်ခဲ့လို့ပါပဲကွယ်" ဟူ၏။

• • •

www.burmeseclassic.com

www.burmeseclassic.com





## သမီးကိုပဲ ယူပါရစေ

"ဦးရယ်... ဦးသမီးကို ကျွန်တော် လက်ထပ်ပါရစေ"

ဂျိမ်းက သူ့ရည်းစားဖခင်အား အရဲစွန့်ပြောလိုက်သည်။

"နေပါဦးကွ... မင်း ငါ့မိန်းမနဲ့ အရင်တွေ့ပြီးပြီလား"


ဖခင်က ပြန်မေးလိုက်သည်။

ဂျိမ်းက...

"ဟုတ်ကဲ့... ကျွန်တော် တွေ့ပြီးပါပြီ၊ ကျေးဇူးတင်ပါတယ် ဦးရယ်၊ ဒါပေမဲ့ ဦးသမီးကိုပဲကြိုက်လို့ပါ" ဟူ၏။

• • •





## ချန်ပီယံတွေ

ကောင်လေးတစ်ယောက်က နေ့စဉ်နေ့တိုင်း လမ်းမှာစောင့်၍ ကောင်မလေးကို ချစ်ရေးဆိုသည်။ ထိုကိစ္စအား စိတ်ရှုပ်လာသဖြင့် ကြံရာမရဖြစ်မိသောကြောင့်...

"နင့်ကို တစ်ခုတော့ သတိပေးလိုက်မယ်၊ ငါ့အစ်ကိုနဲ့တွေ့ရင် နင် မလွယ်ဘူး၊ ငါ့အစ်ကိုက လက်ဝှေ့ချန်ပီယံတစ်ယောက်ပဲ"

ကောင်ကလေးက လန့်ဖျပ်မသွားဘဲ...

"အခုလိုသတိပေးတာ ကျေးဇူးပါပဲ၊ ငါလည်း နင့်ကို ပြောဖို့မေ့နေတယ်၊ ငါက အပြေးချန်ပီယံလေ" ဟူ၏။

• • •

www.burmeseclassic.com

www.burmeseclassic.com



## ချစ်ကာရန်

"အချစ်ရေ… ကျွန်မလေ သိပ်ကဗျာဆန်တဲ့ ကိတ်မုန့်တစ်လုံး ဖုတ်ပြီးသွားပြီ သိလား"

"ဟော… ဒါဆိုရင် မောင့်ရဲ့ခန္ဓာကိုယ်က အချစ်ကဗျာအတွက် အမှိုက်ခြင်းလေး ဖြစ်ပေးမှာပေါ့ကွယ်" ဟူ၏။

◆ ◆ ◆





## ၆ တစ်ခါတစ်ရံတော့

ရပ်ရှင်မင်းသမီးတစ်ယောက်အိမ်သို့ သန်းခေါင်စာရင်းဌာနမှ လူငယ်စာရေးများ ရောက်လာသည်။

"ကျွန်တော်တို့က သန်းခေါင်စာရင်းဌာနကပါ"

"ဘာကိစ္စရှိလို့ပါလဲရှင်"

"ကျွန်တော်တို့ စာရင်းကောက်ဖို့ လာခဲ့ပါတယ်၊ တဆိတ်လောက် မေးတာလေးတွေ ဖြေပါခင်ဗျာ"

ထုံးစံအတိုင်း မိဘ၊ မျိုးရိုး၊ အသက်၊ ကိုးကွယ်သည့်ဘာသာ စသည်များကို မေးမြန်းရေးမှတ်ကြသည်။

"အိမ်ထောင်ကကောခင်ဗျာ"

"အိမ်ထောင်ပြုဖူးသမျှ အကုန်လုံး ပြောဖို့ လိုပါသေးသလားရှင်"

"ဟုတ်ကဲ့… အိမ်ထောင်ရှိရင်လည်းရှိတယ်၊ မရှိရင်လည်း မရှိဘူးပေါ့"

"ဩော်… ဩော်… တစ်ခါတလေတော့ အိမ်ထောင်ရှိတတ်ပါတယ်ရှင်" ဟူ၏။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com





## ချစ်. . . အကြံကောင်း

အိမ်ထောင်ပြုတော့မည့်လူတစ်ယောက်သည် သူငယ်ချင်းဖြစ်သူနှင့် တိုင်ပင်သည်။

"ငါ သန်းကြွယ်သူဌေးကြီးတစ်ယောက်ရဲ့ သမီးနဲ့ ရည်းစားဖြစ်နေတယ်၊ သူ့အဖေရဲ့ငွေတွေရအောင် သူ့သမီးနဲ့ လက်ထပ်လိုက်ရရင် ကောင်းမလား"

သူငယ်ချင်းဖြစ်သူ၏ အကြံက . . .

"ငါတော့ ငွေကြေးအတွက် လက်ထပ်တာကို ဆန့်ကျင်တယ်၊ လက်မထပ်ဘဲနဲ့ အဲဒီငွေတွေရအောင်ကြိုးစားတာ အကောင်းဆုံးပဲ" ဟူ၏။

• • •



## ကြုံဖူးလို့

တစ်ခါက ဖနီးမောင်နှံနှစ်ယောက်သည် စားသောက်ဆိုင်တစ်ခု၌ သွားရောက်စားသောက်ပြီး ငွေရှင်းကာနီး၌ ပိုက်ဆံအိတ် အိမ်မှာမေ့နေသည်ကို သိရတော့သည်။

"ကျွန်တော့်ဇနီးသည်ကို ဒီမှာထားခဲ့ပါမယ်၊ ကျွန်တော့် အိမ်မှာ ပိုက်ဆံပြန်ယူလိုက်ပါဦးမယ်"

"ဟာ . . . မဖြစ်ဘူးခင်ဗျ၊ တခြားထားခဲ့စရာ မရှိတော့ဘူးလား၊ ဥပမာ နာရီတို့ဘာတို့ပေါ့ဗျာ"

"ခင်ဗျာ . . . ဇနီးသည်တစ်ယောက်လုံးထားခဲ့တာ၊ မလုံလောက်သေးဘူးလား"

"ဟုတ်ကဲ့ခင်ဗျာ . . . အဲဒီလိုနဲ့ တစ်ခါကလည်း မိန်းမတစ်ယောက်ရခဲ့ဖူးလို့ပါ" ဟူ၏။

• • •



www.burmeseclassic.com

www.burmeseclassic.com





## စိတ်ညစ်လို့

တိုနီ ။ ။ ''ဟော့… မိုက်ကယ်၊ မင်းကြည့်ရတာ စိတ်မကောင်းဖြစ်နေတဲ့ပုံပဲ''

မိုက်ကယ် ။ ။ ''ငါ့မိန်းမက ငါ့ကို ရက်ပေါင်းသုံးဆယ်တိတိ စကားမပြောဘဲနေမယ်လို့ ပြောထားလို့ကွ''

တိုနီ ။ ။ ''သြော်… ဒါကြောင့် စိတ်မကောင်းဖြစ်နေတာလား''

မိုက်ကယ် ။ ။ ''မဟုတ်ပါဘူးကွာ၊ ဒီနေ့ ရက်သုံးဆယ်ပြည့်တဲ့နေ့ဖြစ်နေလို့ စိတ်ညစ်နေတာပါကွာ''

ဟူ၏။

• • •



## မင်းပဲဖြေလေ

မိန်းမပျိုကလေးတစ်ဦး အိပ်မက်မက်၏။ အိပ်မက်ထဲတွင် ရုပ်ရည်ချောမောလှပသော နတ်မင်းသားလေးတစ်ဦးက အိပ်ရာပေါ်သို့ မိုးပေါ်မှဆင်းသက်လာပြီး မိန်းမပျိုလေးအား တယုတယ ထွေးပိုက်ခဲ့သည်။

ထို့နောက် မိန်းမပျိုလေးအား ပွေ့ချီကာ ပြတင်းပေါက်မှဖြတ်၍ ကောင်းကင်ယံသို့ ပျံတက်ခဲ့ရာမှ တိမ်လွှာများအကြားတွင် ပျံဝဲနေခဲ့ပြန်သည်။

နောက်ဆုံးတွင် မိုးကောင်းကင်တစ်နေရာရှိ ရဲတိုက်ကြီးထဲသို့ ပြတင်းပေါက်မှတစ်ဆင့် လျှောဆင်းခဲ့ကြသည်။

နတ်မင်းသားလေးက မိန်းမပျိုလေးအား ဖဲမွေ့ရာကြီးပေါ် အသာအယာချထားလိုက်၏။

''ရှင် ကျွန်မကို ဘာအကြံနဲ့ ဒီကိုခေါ်လာတာလဲဟင်''

မိန်းမပျိုလေးက ကြောက်ရွံ့စိုးရိမ်သံလေးဖြင့် မေးလိုက်သည်။ နတ်မင်းသားလေးက ပြန်ပြောလိုက်သည်မှာ…

''ဒါတော့ မင်းပဲဖြေလေ၊ အိပ်မက်က မင်းရဲ့အိပ်မက်ပဲမဟုတ်လား''ဟူ၏။

• • •

www.burmeseclassic.com

www.burmeseclassic.com





## လွယ်ပါတယ်

မီလျံနာသူဌေးကြီးမှာ အသက် ၇၀ အရွယ်ရှိသော်လည်း အသက် ၂၀ သာရှိသော မိန်းမချောလေးကို လက်ထပ်ယူလိုက်သဖြင့် စိတ်ဝင်စားမိသွားကြသည်။

''တယ်ခွံပါလား၊ ငယ်ငယ်ချောချောမိန်းမကို ဘယ်လိုနည်းနဲ့ အရယူလိုက်တာလဲ''

''လွယ်ပါတယ်ဗျာ··· ကျုပ်အသက် ကိုးဆယ့်ငါးနှစ်ရှိပြီလို့ တစ်ခွန်းတည်းပြောလိုက်ရုံပါပဲ''ဟူ၏။

● ● ●





## သစ္စာရှင်များ

အမျိုးသမီး ။ ။''သစ္စာမရှိတဲ့ ကျွန်မယောကျ်ားနဲ့ ကွာရှင်းလိုပါတယ်''

ရှေ့နေ ။ ။''ခင်ဗျားတို့ဇာတ်လမ်းက သုံးပွင့်ဆိုင်ဇာတ်လမ်းလား''

အမျိုးသမီး ။ ။''လေးပွင့်ဆိုင်ဇာတ်လမ်းပါ''ဟူ၏။

● ● ●

www.burmeseclassic.com

www.burmeseclassic.com



# ပြန်လာခဲ့တော့မယ်

အမျိုးသမီးသတင်းထောက်တစ်ဦးသည် တာဝန်ဖြင့် ခရီးရှည်ထွက်နေခဲ့ရာမှ လေဆိပ်တစ်ခုသို့ရောက်သော် သူ့ယောက်ျား၏ အလုပ်တိုက်သို့ ဖုန်းဆက်လိုက်လေသည်။

''မစ္စတာဘလင့်ရှိပါသလားရှင်''

''မစ္စတာဘလင့် အပြင်ထွက်သွားပါတယ်၊ အခု စကားပြောတာ ဘယ်သူပါလဲရှင်''

''ကျွန်မ သူ့ရဲ့ဇနီးပါ''

''ဪ... ကျွန်မက မစ္စတာဘလင့်ရဲ့ အတွင်းရေးမှူးအမျိုးသမီးပါ၊ လွန်ခဲ့တဲ့ နှစ်ပတ်လောက်က ကျွန်မအလုပ်စဝင်တာပါ''







''ဟုတ်ကဲ့... ကျေးဇူးတင်ပါတယ်၊ မစ္စတာဘလင့်ရဲ့ နေရေးထိုင်ရေး အဆင်ပြေပါသလားရှင်''

''အဆင်ပြေအောင် ကျွန်မ ဆောင်ရွက်ပေးပါတယ်၊ မစ္စတာဘလင့်က သူ့ရဲ့အိပ်ခန်းထဲက နှိုးစက်နာရီ နှိုးစက်မပေးလို့ ပြောလိုက်တာတောင် ကျွန်မ ကြည့်ပေးပါတယ်၊ အိပ်ခန်းထဲက ခေါင်းအုံးတွေ၊ စောင်တွေကိုလည်း ကျွန်မ သပ်သပ်ရပ်ရပ် လုပ်ပေးခဲ့ပါတယ်၊ ပြီးတော့...''

''တော်ပါပြီရှင်... ကျွန်မ ခရီးဆက်မထွက်တော့ပါဘူး၊ မီရာလေယာဉ်နဲ့ အမြန်ဆုံးပြန်လာပါတော့မယ်'' ဟူ၏။

www.burmeseclassic.com

www.burmeseclassic.com



# အသုံးမပြုတော့ဘူး

"တမှိုင်မှိုင်နဲ့ ဖြစ်မနေစမ်းပါနဲ့ကွာ၊ မင်းရဲ့ကောင်မလေးကို မင်းက ချစ်တဲ့အကြောင်း ဖွင့်ပြောလိုက်ရောပေါ့"

"ကျွန်တော် ဖွင့်ပြောပြီးပြီ"


"ဖွင့်ပြောတော့ ဘာဖြစ်လဲ၊ သူက ခေါင်းညိတ်လား၊ ခေါင်းခါလား"

"ခေါင်းခါတယ်"

"အဲဒါ ကိစ္စမရှိပါဘူး၊ အဲဒီလိုပဲ ဖြစ်ကိုဖြစ်ရမယ်၊ မှတ်ထားကွ... မိန်းကလေးတစ်ယောက် ခေါင်းခါလိုက်ပြီဆိုရင် နောက်တစ်ကြိမ် ခေါင်းညိတ်ပြီဆိုတာ အသေအချာမှတ်ပေတော့၊ ဒါထက် မင်းက သူ့ကို ချစ်ရေးထပ်ပြီး မဆိုဘူးလား"







"ဆိုပါတယ်၊ ဒီတစ်ခါတော့ သူက ခေါင်းမခါတော့ဘူး"

"ဒီတော့ သူက ခေါင်းညိတ်လိုက်တာပေါ့၊ ဟုတ်လား"

"ခေါင်းမညိတ်ပါဘူး"

"ဟင်... ဒီလိုဆိုရင်"

"သူက ခေါင်းကို အသုံးမပြုဘူး၊ ပါးစပ်က ဖွင့်ပြောလိုက်တယ်၊ ရှင် ကျွန်မကို ဆက်ပြီးမနှောင့်ယှက်နေပါနဲ့တဲ့" ဟူ၏။

www.burmeseclassic.com

www.burmeseclassic.com





# အဖြေက

မိန်းမပျို ။ ။ ''ကျွန်မကို ရှင် လက်ထပ်ချင်ပါတယ်ပြောတော့ ကျွန်မအဖေက မကြိုက်ဘူးဆိုတာရှင် ဘာဖြစ်လို့ပြောနိုင်သလဲ''

ယောကျ်ားပျို။ ။ ''ကိုယ်က မင်းကိုမှမရရင် မနေနိုင်ပါဘူး၊ သေရပါလိမ့်မယ်လို့ပြောတော့ မင်းအဖေက မသာစရိတ်ထုတ်ပေးတယ်လေ'' ဟူ၏။



# အော်ရဲရင်အော်ကြည့်

ယောကျ်ားပျို တစ်ယောက်က သမီးပျိုတစ်ဦးအား ဗွတ်အတင်းဖက်နမ်းနေသည်ကို မိခင်လုပ်သူက တွေ့သွားလေ၏။

မိခင်လုပ်သူက ချောင်းဟန့်သံပေးလိုက်တော့မှ ယောကျ်ားပျို ထွက်သွားလေသည်။

''ညည်းကောင်လေးက ညည်းကို ဖက်နမ်းတယ် မဟုတ်လားဟင်၊ ငါကိုယ်တိုင်မြင်ရတယ်''

''ဟုတ်ပါတယ် မေမေ၊ သမီး လိမ်မပြောပါဘူး''

''ညည်းက သဘောတူပြီး ငြိမ်ခံနေတယ်ပေါ့၊ ဘာလို့ မအော်သလဲ''



www.burmeseclassic.com

www.burmeseclassic.com





"သမီးက အော်မလို့လုပ်တော့ သူက ခြိမ်းခြောက်လို့ပါ"

"အလို… ဘယ်လိုခြိမ်းခြောက်သလဲ၊ ငါ့ကို မြန်မြန်ပြောစမ်း"

"အော်ဝံ့ရင် အော်စမ်းတဲ့၊ အော်လို့ရှိရင် နောက်ကို ဘယ်တော့မှမနမ်းတော့ဘူးတဲ့၊ အိမ်ကိုလည်း ဘယ်တော့မှ မလာတော့ဘူးတဲ့"ဟူ၏။

◆ ◆ ◆



## ငယ်ဂုဏ်၊ ချောဂုဏ်

ကုမ္ပဏီတစ်ခုတွင်…

ကုမ္ပဏီပိုင်ရှင် ။ ။ "အခု လဆန်းရက်ကစပြီး ခင်ဗျားတို့ ဝယ်ယူဖြန့်ဖြူးရေးဌာနစိတ်က စာရေးတွေ အလုပ်ဆင်းတာ အချိန်မှန်လှချည်လား"

ကြီးကြပ်သူ ။ ။ "ဟုတ်ကဲ့ခင်ဗျာ"

ကုမ္ပဏီပိုင်ရှင် ။ ။ "ခါတိုင်းဆို အဲဒီဌာနစိတ်က စာရေးတွေ အလုပ်တက်ချိန် ဆင်းချိန် မမှန်မကန်ဖြစ်လွန်းလို့ ကျုပ်ကတောင် နှုတ်နဲ့ခေါ်ယူ သတိပေးခဲ့ရတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com





(သူ) ။ ။ "ဟုတ်ပါတယ်၊ အခုတော့ သူတို့ အလုပ်တက်ချိန်မှန်သွားကြပါပြီခင်ဗျာ"

(ရှင်) ။ ။ "ဘာဖြစ်လို့လဲ၊ ခင်ဗျား ထပ်ပြီးသတိပေးလိုက်လို့လား"

(သူ) ။ ။ "မဟုတ်ပါဘူးခင်ဗျာ၊ အခု လဆန်းမှာ ကျွန်တော်တို့ ဝယ်ယူဖြန့်ဖြူးရေးဌာနစိတ်ကို တက္ကသိုလ်ကျောင်းထွက် စာရေးမ ငယ်ငယ်ချောချောတစ်ယောက် အလုပ်ဝင်လာလို့ပါ" ဟူ၏။

● ● ●





## သူ့အနမ်းက

"ဘယ်လိုဖြစ်တာလဲ၊ မင်းမျက်နှာမှာ အညိုအမည်းတွေနဲ့"

"သတို့သမီးကို နမ်းမိလို့ကွ"

"ဟာ…မင်္ဂလာပွဲတိုင်း သတို့သမီးနမ်းပြီး နှုတ်ဆက်တဲ့ဓလေ့ဟာ အစဉ်အလာတစ်ခုပဲ"

"အေးကွာ… ငါက လက်ထပ်ပြီး သုံးနှစ်ကြာမှ နမ်းမိတာလေ" ဟူ၏။

● ● ●

www.burmeseclassic.com

www.burmeseclassic.com



## စာကြွင်းသတိထား

လူပျိုကလေးတစ်ယောက် မိန်းမယူရန် ကြံခဲ့ရာမှ သူ့မိဘများထံသို့ အသိပေးတိုင်ပင်စာ ရေးလိုက်၏။

သူ့မိဘများက စာပြန်ခဲ့သည်မှာ…

"မင်း လက်ထပ်တော့မယ်ဆိုလို့ ငါတို့ ပြောမပြနိုင်လောက်အောင် ဝမ်းသာသွားတယ်၊ အိမ်ထောင်သည်ဘဝရဲ့ အံ့ဩစရာအကောင်းဆုံး ပျော်ရွှင်မှုသုခတွေကို မင်း ခံစားရတော့မယ်လေ၊ ငါနဲ့ မင်းအမေရဲ့ အိမ်ထောင်ရေးကို ပြန်ကြည့်လိုက်တော့လည်း တကယ့်ကို ဂုဏ်ယူစရာကောင်းလောက်အောင် ဘက်ညီပြီး အဆင်ပြေ သာယာခဲ့တာတွေ့ရတယ်၊ အဖက်ဖက်ကကြည့်ရင် မင်း လက်ထပ်တာ မှန်ပါတယ်၊ မင်းတို့ကို တို့လင်မယားက ဆုမွန်ကောင်းတောင်းပေးလိုက်ပါတယ်၊ မင်းဘဝတစ်သက် အပျော်ရွှင်ဆုံးနေ့တစ်နေ့ဖြစ်ပါစေ"

ဖေဖေဂျူန်း

စာကြွင်း။ ။ ခုပဲ ဒီစာရေးခိုင်းပြီး မင်း အမေ အခန်းအပြင်ထွက်သွားတယ်၊ ဟော့ကောင်… မိန်းမ မယူနဲ့၊ လူပျိုလုပ်နေဦး၊ ခွေးမသား။





## ကြားမဝင်ပေမယ့်

"မင်းနဲ့ မင်းကောင်မလေး ချာပြဲသွားတဲ့ကိစ္စမှာ သူ့အမေကြီးက ကြားဝင်လို့လား"

"ကြားကတော့ မဝင်ပါဘူး၊ နောက်ကနေ ကန်လွှတ်လိုက်လို့ပါ" ဟူ၏။

www.burmeseclassic.com

www.burmeseclassic.com





## အဆင်ပြေလွန်းလို့

“သူငယ်ချင်း ရော်ဂျာ၊ မှိုင်လှချည်လား၊ နိုင်ငံခြားသွားအလုပ်လုပ်ရတာ အဆင်မပြေလို့လား”

“အဆင်ပြေပါတယ်၊ ငါ့မိန်းမအတွက် ခံစားနေရလို့ပါ”

“ဘာဖြစ်လို့လဲ”

“မင်း စဉ်းစားကြည့်လေ၊ ငါက နိုင်ငံခြားရောက်ရင် နေ့တိုင်း စာရေးဖို့မှာထားခဲ့တာ၊ သူက ရေးတော့ရေးပါတယ်၊ ဒါပေမဲ့ စာပို့သမားနဲ့ သူလိုက်တယ်လေ”ဟူ၏။

• • •





## သူ့စိတ်ကူးက

ကျွန်မနှင့် ခင်ပွန်းလောင်းတို့သည် လက်ထပ်သည့်ရုံးတော်သို့သွား၍ လက်ထပ်စာချုပ် ပြုလုပ်ကြပါသည်။ ကျွန်မ၏ တစ်ကိုယ်လုံးတွင် ရင်ခုန်ဖွယ်ရာ ချစ်သက်သေများဖြင့် ပြည့်နေပါသည်။ ကျွန်မတို့နှစ်ဦးသား လက်မှတ်ရေးထိုးပြီး သောအခါ ကျွန်မအနေဖြင့် ရှေ့ဆက် နှစ်ဦးသားပျော်ရွှင် ချမ်းမြေ့ဖွယ်ရာ ကမ္ဘာသစ်ကလေး တည်ဆောက်ဖို့ စိတ်ကူးယဉ်နေမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ခင်ပွန်းမှာလည်း ဤအတွေးများဖြင့် ပြည့်နှက်နေသည်ဟု ထင်ကာ ကျွန်မက သူ့မျက်လုံးကို ချစ်မဝနိုင်သော အကြည့်မျိုးဖြင့် ကြည့်နေမိပါသည်။

ထိုအချိန်တွင် ခင်ပွန်းသည်က ရုတ်တရက် စာရေးကြီးဘက်သို့လှည့်၍ ဤသို့ပြောလိုက်သည်ကို ကြားလိုက်ရသဖြင့် ဒေါသထွက်မိပါသည်။ သူ့အပြောမှာ…

'ဒီမှာ ရောက်နေတုန်း တစ်လက်စတည်း ကျွန်တော့်ခွေးရဲ့ လိုင်စင်ကိုရော လဲနိုင်မါလား' ဟူ၏။

• • •







## ခွေးမလောင်း၏ ကောင်းကွက်များ

ခွေးမလောင်းကို သားဖြစ်သူက သူ့မိဘများအိမ်သို့ ခေါ်ပြရန် ခေါ်လာသည်။ အဖေဖြစ်သူက ခွေးမလောင်းကို ကြည့်ပြီး သားအနီးသို့ကပ်ကာ တိုးတိုးပြော၏။ "သားရာ… ဒါလောက်ညံ့တဲ့မိန်းကလေးကို ဖေဖေ တစ်ခါမှမတွေ့ဖူးပေါင်ကွာ။ မျက်စိတွေကလည်းစောင်း၊ သွားတွေကလည်း ပုလဲတစ်လုံး ရွှဲတစ်လုံး၊ အသားကလည်း နက်မှောင်…"

ဤတွင် သားဖြစ်သူက တိုးတိုးပြောသည်မှာ "ဖေဖေ တိုးတိုးပြောစရာမလိုပါဘူး၊ ကျယ်ကျယ်သာပြောပါ၊ သူက နားလည်း သိပ်လေးနေပါတယ်" ဟူ၏။

• • •

www.burmeseclassic.com

www.burmeseclassic.com





## စိတ်တူကိုယ်တူ

"မင်းမိန်းမနဲ့ မင်း စိတ်သဘောတည်း ဖြစ်ဖူးသလားကွ"

"အေး… တစ်ခါတော့ ဖြစ်ဖူးတယ်၊ အိမ်မီးလောင်တုန်းက တို့နှစ်ယောက်လုံး မတိုင်ပင်ဘဲနဲ့ တစ်ချိန်တည်းမှာပဲ တံခါးပေါက်ရောက်အောင် ပြေးခဲ့ကြဖူးတယ်ကွ"

• • •



## မိန်းမဆိုတာက

စိုက်ပျိုးရေးတက္ကသိုလ် နောက်ဆုံးနှစ်ကျောင်းသားနှစ်ဦး စကား ဤသို့ပြောမိကြ၏။

"တောက်… မိန်းမတွေနဲ့ တွဲလုပ်ရတာ အဆင်မပြေဘူး။ သူတို့ကို ယောကျ်ားလိုခိုင်းရင် သူတို့က ညည်းပြတယ်"

တစ်ယောက်က ပြန်ပြော၏။

"ဟကောင်ရ… မိန်းမပဲ၊ မိန်းမလိုဆက်ဆံရမှာပေါ့ဟ"

"မိန်းမလို ဆက်ဆံပြန်တော့လည်း သူတို့က ကိုယ့်ကို ပြန်ခိုင်းပြန်ရော"ဟူ၏။

• • •



www.burmeseclassic.com

www.burmeseclassic.com



## ခြားနားချက်

အမေရိကန်မလေးနှင့် ပြင်သစ်မလေးတို့ အချစ်အကြောင်း ဆွေးနွေးနေကြ၏။

"ထို ပြင်သစ်ငနဲတွေက အချစ်ရေးမှာ အထ,နေးတယ် ဆိုရမလားပဲကွ" ဟု ပြင်သစ်မလေးက အစချီ၍...

"သူတို့က လက်ကလေးတွေကို အရင်မွှေးမွှေးပေးမယ်၊ ပြီးရင် ပခုံးလေးကို ဖွဖွလေးနမ်းမယ်၊ ဒီနောက်မှ လည်ဂုတ်ကို အသာလေး..."

စကားမဆုံးခင် အမေရိကန်မကလေးက ကြားဖြတ်ပြီး...

"အေး... အဲဒီအချိန်မှာ တို့အမေရိကန်ငတိတွေကတော့ သူ့ရည်းစားနဲ့ ဟန်းနီးမွန်းထွက်ရာက ပြန်တောင် ရောက်လောက်ပြီကွ" ဟူ၏။

◆ ◆ ◆



## မင်းဆီကတစ်ဆင့်

အလုပ်တိုက်တစ်ခုတွင် ဖြစ်သည်။ တယ်လီဖုန်းခေါင်းလောင်းသံသည် ဆူညံမြည်ဟည်းလျက်ရှိသည်။ ချစ်စရာကောင်းသော စာရေးမကလေးတစ်ဦးသည် ကန့်ကလျှနှင့်ထိုင်ရာမှ ထပြီး တယ်လီဖုန်းစကားပြောခွက်ကို ကောက်ကိုင်ကာ စကားပြောနေသည်။

"ဆရာ... တယ်လီဖုန်းက လာနေတယ်"

"ဘယ်ကလဲဟေ့"

"ဆရာ့အမျိုးသမီးဆီကပါ၊ သူက ဆရာ့ကို မွှေးမွှေးပေးချင်လို့တဲ့"

"အိုကွာ... ငါ အလုပ်တွေ သိပ်များနေတယ်၊ မင်းပဲ ခဏလောက် လက်ခံထားလိုက်စမ်းပါ၊ ထမင်းစားချိန်ရောက်မှ ငါ မင်းဆီကတစ်ဆင့် ယူတော့မယ်" ဟူ၏။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com





# ဘယ်ဖြစ်မလဲ

ရုံးသွားရန် ပြင်ဆင်လုပ်ကိုင်နေသော ယောက်ျားဖြစ်သူအား မယားဖြစ်သူက တိုးတိုးလေးပြောပြနေသည်။

“အစ်ကိုရေ… မကြာခင်က ပြောင်းလာတဲ့ ဟိုဘက်ခန်းက လင်မယားက တစ်မျိုးကြီးပဲနော်”

“ဘာတစ်မျိုးကြီးလဲကွ၊ ဘာဖြစ်လို့လဲ”

“ဟင့်အင်းကွယ်… ပြောရမှာ ရှက်စရာကြီးပဲ”

“ဘာလဲ… ပြောစမ်းပါ”

“အမျိုးသားကလေ အလုပ်သွားကာနီးတိုင်း သူ့မိန်းမကို အားရပါးရ ဖက်ဖက်နမ်းသွားတယ်”

ယောက်ျားဖြစ်သူက…

“ငါက ဘာများပြောမှာလဲလို့ကွာ”



ယောက်ျားက စိတ်မဝင်စားတော့သဖြင့် သူ၏အဝ အင်္ကျီကို ဆွဲယူဝတ်နေသည်။ မယားလုပ်သူက ပြုံးစေ့စေ့ဖြစ် ဆက်၍ပြောပြန်သည်။

“အစ်ကို့ကို မေးစရာတစ်ခုရှိတယ်”

“ကဲ… ဘာမေးရမှာလဲ၊ မေး… ရုံးချိန်နီးနေပြီ”

“အစ်ကိုကော ဘာဖြစ်လို့ အဲသလို နမ်းမသွားတာ လဲလို့”

“ဘယ်ဖြစ်မလဲကွာ၊ မဟုတ်တာ”

“ဘာလို့မဖြစ်ရမှာလဲရှင်၊ ဖြစ်ပါတယ်”

“ဟ… အဲဒါ ငါ့မယားမှမဟုတ်တာ၊ ဘယ်လိုလု နမ်းရမှာလဲ” ဟူ၏။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com





## တူ့တူလာပြီ

အပေါ်ထပ်မှ မိခင်ဖြစ်သူက မှောင်နေသော ဧည့်ခန်းထဲတွင် ဧည့်သည်ကောင်မလေးနှင့်အတူ ထိုင်နေသော သားဖြစ်သူထံ လာတွေ့ပြီး···

"မင်း ဒီမှာ ဘာလို့ထိုင်နေတာလဲ"

"ဒီလိုပါပဲ၊ ဘာဖြစ်လို့လဲ အမေရဲ့"

"ဟင်းနော်···မင်း တစ်နေ့တခြား မင်းအဖေနဲ့တူတူလာပြီ၊ ဟင်း··· ဟင်း···"ဟူ၏။

• • •



## ကိုရွှေလိပ်

ကျွန်မတို့ မင်္ဂလာဆောင်သည့်နေ့က ဧည့်ခံပွဲအသွားတွင် ခင်ပွန်းလောင်းဖြစ်သူအား ညင်သာစွာဖြင့်···

"မောင့်အမေနဲ့ အဖေတို့ တစ်ဦးနဲ့တစ်ဦး ချစ်ခင်ကြင်နာကြပုံကတော့ စံပြုလောက်ပါပေတယ် မောင်ရယ်၊ အိမ်ထောင်သက် ဒီလောက်ရှည်ကြာလာတာတောင် ကြင်နာမှု မလျော့ကြသေးဘူး၊ မိုးလင်းတာနဲ့ တစ်ပြိုင်နက် မောင့်အဖေက အမေ့အိပ်ရာဆီ ကော်ဖီပူပူနွေးနွေးကလေး ယူယူလာပေးတယ်၊ မောင်တို့မျိုးရိုးက အခုလိုပဲ အစဉ်အလာကောင်းလေးတွေကို ထိန်းသိမ်းနေတာပဲလားဟင်"ဟု ပြောဆိုလိုက်ရာ ကျွန်မခင်ပွန်း အသစ်စက်စက်ကြီးမှ ပြန်ဖြေလိုက်သည်မှာ···

"သေချာတာပေါ့ အချစ်ရယ်၊ ဒါပေမဲ့ မောင်က အမေမျိုးရိုး အစဉ်အလာကို လိုက်တယ်"ဟူ၏။

• • •



www.burmeseclassic.com

www.burmeseclassic.com





## ကေနွှတော့

ဖခင်တစ်ယောက်သည် သူ၏ ဆယ်ကျော်သက်ရွယ် သမီးငယ်လေးအား မျက်မှောက်ခေတ်သစ်၌ ယဉ်ကျေးသိမ်မွေ့မှုများ လျော့ပါးလာနေကြောင်း စကားစပ်မိရာမှ...

''ဖေဖေတို့ သမီးအရွယ်တုန်းကများဆိုရင် မိန်းကလေးတွေများ သိပ်ယဉ်ကျေးသိမ်မွေ့ပြီး ရှက်စရာရှိရင်လည်း သိပ်ရှက်တတ်လိုက်တာ၊ သူတို့မျက်နှာကလေးတွေ ရဲခနဲ ရဲခနဲကို ဖြစ်ဖြစ်သွားတာပဲ'' ဟု ပြောဆိုမိရာ သမီးဖြစ်သူ ပြန်ပြောလိုက်ပုံမှာ...

''ကေနွှတော့ ကေနွှပဲ၊ အဲဒီတုန်းက ဖေဖေ ကြောင်မလေးတွေကို ဘာသွားပြောမှန်းမှ မသိတာ'' ဟူ၏။

● ● ●





## ထူးခြားမှုက

''နာမည်ကျော် ဓာတ်ပုံဆရာတစ်ဦးနဲ့ လက်ထပ်ပြီးတဲ့နောက်ပိုင်း ထူးခြားမှုကို ပြောပြနိုင်ပါသလားခင်ဗျာ''

''ဟုတ်ကဲ့... ပြောပြနိုင်ပါတယ်ရှင်၊ သူက ဓာတ်ပုံအမှောင်ခန်းထဲမှာ တစ်ညလုံးလိုလိုပါပဲ၊ ကျွန်မကလည်း အပြင်ဘက်မှာ တစ်ယောက်တည်းပါပဲ၊ အဲဒါပါပဲရှင်၊ ထူးခြားမှု အဲဒါပါပဲ'' ဟူ၏။

● ● ●

စိန်ငှက်ရိုး

www.burmeseclassic.com